# ဗုဒ္ဓုပ္ပတ္တိပျို့

အရှင်မဟာသီလဝံသ

mgyoe.com

ISBN 9789997118905
SMHT2
9 789997 118905
1,500.00KS

mgyoe.com

mgyoe.com

ဗုဒ္ဓပွဲတို့ပြို့ အရှင်မဟာသီလဝံသ
စာမျက်နှာ ၁၃၂+ မျက်နှာ၊ ၁၂·၈စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၈၇၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇက်တင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀။
၁၉၄၁ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်ထုတ်မူ၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဗုဒ္ဓုပ္ပတ္တိပျို့

အရှင်မဟာသီလဝံသ

မြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၃

mgyoe.com

mgyoe.com

မူရင်းသတ်ပုံအတိုင်းသာ ပြင်ဆင်ပါသည်။

mgyoe.com

mgyoe.com

# နိဒါန်း

## မြန်မာစာပေ

ကျွန်ုပ်တို့အသက် သွေးခဲသဖွယ်ဖြစ်သော မြန်မာစာပေမှာ၊ ရှေးအထက်ကျော်ကာလ၊ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်တို့က ခေတ်အားလျော်စွာ ထွန်းကားခဲ့စေကာမူ ကျောက်၊ ပေ၊ ပုရပိုက် ခေတ်များဖြစ်၍ ကျယ်ပြန့်သင့်သလောက် မကျယ်ပြန့်ဘဲ ရှိခဲ့ရသည်။

## ဟံသာဝတီ

ကျွန်ုပ်တို့ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်ကြီး ပေါ်လာကတည်းက ပျို့၊ ကဗျာ၊ လင်္ကာ၊ ချေင်း၊ မော်ကွန်း၊ ရတု၊ သံပိုင်း၊ သမိုင်း၊ ကျောက်စာမှစ၍ ရှေးဟောင်းဗဟုသုတ ကျမ်းအမျိုးပေါင်းများစွာ မြန်မာစာပေတို့ကို လွှန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်

mgyoe.com

mgyoe.com



လောက်ကပင် စတင်ရိုက်နှိပ်၍လာခဲ့သဖြင့် ရှေးဦးစွာ စာအုပ်ခေတ်ကြီးကို ထူထောင်လာသည်မှာ ပညာရှင်အများသိရှိပြီး ဖြစ်ပါသည်။ သို့ကြောင့် ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်ကြီးကို ပျို့၊ ကဗျာ၊ လင်္ကာ၊ ရတု တိုက်ကြီးဟု ခေါ်ဆိုလိုက ခေါ်ဆိုနိုင်ပေသည်။

ဗုဒ္ဓုပ္ပတ္တိပျို့

ယင်းသို့ ပျို့၊ ကဗျာ၊ လင်္ကာ၊ ရတု စသည်များကို အမြဲတမ်း စုဆောင်းရှာဖွေ ရိုက်နှိပ်၍လာခဲ့ရာ၊ ဘုရားရှင်အကြောင်း၊ ယသော်ဓရာအကြောင်း အဖြစ်သနစ်တို့ကို ဖွင့်လှစ်ဖော်ပြဘိသဖြင့်၊ မင်္ဂလာသုတိရှိပေသော ဗုဒ္ဓုပ္ပတ္တိပျို့မှာ တိမ်မြုပ်ပျောက်ကွယ်၍နေခဲ့ရာ မကြာမီက ဘားနဒ်ပိဋကတ်တိုက်တွင် ပေမူတစ်ခုကို တွေ့ရှိရသဖြင့်၊ အမိန့်ခံကာ ရေးကူးစေပြီးလျှင် ပုံနှိပ်ရန် အခွင့်ကိုပါ ဆိုင်ရာ တိုက်အုပ်ထံမှ တောင်း၍ ပါဠိ၊ မြန်မာ စာပေတွင် အထူးကျွမ်းကျင်သော ဆရာကြီးများ အကြိမ်ကြိမ် အထပ်ထပ်ပြင်ကာ၊ မူကောင်း၊ မူမှန်အဖြစ်သို့ ရောက်လာစေလျက်၊ အများပြည်သူတို့ ကြည့်ရှုနိုင်ရန် ရည်သန်စွဲပိုက်၍ ရန်ကုန်မြို့ ကျွန်ုပ်တို့ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်က သိုက်မြိုက်စွာ တန်ဆာဆင်လျက် စက်တင်ပုံနှိပ်အပ်ပါသည်။

mgyoe.com

mgyoe.com



**အာသီသ**

သို့ဖြစ်ပါ၍ ကဗျာအရာ၊ လိမ္မာရေးမြင်၊ ပညာရှင်ဖြစ်လိုသော သူတို့သည်၊ ဤဗုဒ္ဓပွဲတွင်ပျို့ကို နှစ်မြို့ကြည်ဖြူ၊ အလွယ်တကူ၊ ဝယ်ယူမှတ်သား၊ ရှုစားလေ့ကျင့်တော်မူကြပြီးလျှင်၊ ကဗျာ့ဝိဒူ၊ ကဗျာ့ပါရဂူ၊ တွင်မူစလောက်၊ ကဗျာပညာရှိအဖြစ်သို့ ရောက်နိုင်ကြပါစေကုန်သတည်း။

**နိဒါန်းပြီး၏။**

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဗုဒ္ဓပူဇနိယပျို့

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) အဘိဥတ္တမ်၊ ဂုဏ်အနန္တ၊ နှုန်းစံမရှိ၊ မြတ်ခေါင်ထိသည်၊ တိသရဏာ၊ သုံးမြတ်စွာကို၊ သဒ္ဓါကြည်လင်၊ ကံသုံးအင်ဖြင့်၊ ဦးတင်ရှက်ဖွဲ့၊ ပူဇော်ခဲ့၍၊ အံ့ဘွယ့်အထူး၊ ကျေးဇူးဂုဏ်အင်၊ မြတ်ဆုံးတင်သည်၊ မိခင်ဘခင်၊ သွန်သင်ဆရာ၊ မြတ်တို့မှာလည်း၊ ဝန္ဒာညွတ်ရုံး၊ ကန်တော့ဆုံးမှ၊ ဘုန်းတော်နေလ၊ တက်ထွန်းပသို့၊ လောကသမ္မုတိ၊ တိုင်းကြီးသခင်၊ ဘဝသျှင်ကို၊ ဦးတင်လက်စုံ၊ ဆယ်ချောင်းရုံလျက်၊ ခိုလှုံတေဇာ၊ ပြီး၍သာလျှင်၊ သီဒါရစ်မြောင်၊ ငါးလုံးတောင်နှင့်၊ တိမ်ထောင်တိမ်လိုင်း၊ ပန်းစုံဆိုင်းသည်၊ မှိုင်းရီညိုညို့၊ ရာဇဂြိုဟ်တွင်၊ ပုဂ္ဂိုလ်ထေရ်ကြီး၊ အံ့မပြီးသည်၊ ဘုန်းကြီးပရမေ၊ သပ္ပါယ်နေကာ၊ မွေးဘောသုဒ္ဓေါ်၊ မင်းမြတ်ကျော်လျှင်၊ သားတော်စိန္တေ၊ သုံးလူ့ဆွေကို၊ ဆွတ်ကြွေယူတ၊ လွမ်းပါလှ၍၊ ဆက်သပင့်လွှာ၊ ရွှေပေစာနှင့်၊ ကာလုဒါယီ၊ ပင့်ချီစေသား၊ အစထား၍၊ ဘုရားကြောင်းအင်၊ ဗုဒ္ဓဝင်ကို၊ နာလျှင်ညဏ်သွား၊ သူတော်

mgyoe.com

mgyoe.com



များတို့၊ ကြားရုံနှင့်ပင်၊ မြတ်ဗုဒ္ဓင်ကို၊ မျက်မြင်ကြည်နူး၊ ဖူးရသည်လို၊ ကြည်ညိုသဒ္ဓါ၊ များစာနာတို့၊ ချမ်းသာမျက်မှောက်၊ ရောက်စေခလို၊ ရှေ့တခိုမှာ၊ ဝိဂြိုဟ်မပွား၊ ဂိုဏ်းသုံးပါးကို၊ ရှောင်ရှားရှိသေ၊ ပြဆိုပေအံ့။ ။ ပရမေသီရိ၊ ဂုဏ်ပေါင်းချီသည်၊ မုနိထိပ်ပေါ်၊ စိန္တေယျော်သည်၊ ပြည်တော်နဂရ၊ ကပိလက၊ ထွက်ကြွသက္ကရာဇ်၊ နှစ်လုံးသတ္တာ၊ စေ့ရောက်ခါလျှင်၊ တရော့သုံးခု၊ ရတုမှိုင်းညို၊ လဝါဆိုဟု၊ ခေါ်ဆိုမာသေ၊ စနေမည်၍၊ လပြည့်နေ့တွင်၊ ပန်းငွေ့ပျံ့လှိုင်၊ သင်းကြိုင်ကြိုင်နှင့်၊ ဂနိုင်သာယာ၊ သားမိဂါတို့၊ ချမ်းသာသုခိ၊ ဘေးမရှိသည်၊ ဘုမ္မိအောင်ချာ၊ မိဂဒါတွင်၊ စကြာဓမ္မ၊ ရသမြိုက်ရည်၊ နိဗ္ဗာန်စည်ကြီး၊ တီး၍ဒေသနာ၊ ဟောသောခါလျှင်၊ ဘုမ္မာဉ်မြေ၊ ရေလေတောတောင်၊ ကုန်အောင်ချီးခြိမ့်၊ တော်တိလိုမ့်၍၊ သိမ့်သိမ့်ငလျင်၊ ပွဲတင်သွက်သွက်၊ လှုတ်လျက်နှမော်၊ သာစုခေါ်လျက်၊ ပဥ္စဝဂ်နှင့်၊ ငြိမ်သက်ချမ်းမြ၊ ပဌမဝါ၊ ဆိုပြီးခါလျှင်၊ ဂယာနဒီ၊ မြစ်ကိုမှီ၍၊ ညီနောင်အတူ၊ မိစ္ဆာမူနှင့်၊ ဥရုဝေလ၊ ကဿပက၊ စသည်ညီနောင်၊ ရှင်တထောင်ကို၊ တိမ်မှောင်မိစ္ဆာ၊ ဒိဋ္ဌိခွာ၍၊ ရဟန္တာမြောက်၊ အလင်းရောက်သော်၊ နောက်တော်အတူ၊ ခေါ်တော်မူလျက်၊ သုံးလူမြတ်စွာ၊ ကြွလေပါ၍၊ မှိုင်းပြာညိုညို၊ ရာဇဂြိုဟ်သို့၊ ပုဂ္ဂိုလ်မြတ်စွာ၊ ဆိုက်ရောက်ခါလျှင်၊ ဖူးလာငြိမ့်ညောင်း၊ တသိန်းပေါင်းနှင့်၊ နှစ်သောင်းမကြွင်း၊ ဗိမ္ဗာမင်းကို၊ လင်းစေမျက်မှောက်၊ အမိုက်ပျောက်သော်၊ ထွန်းတောက်သဒ္ဓါ၊ ကောင်းစွာကြည်ညို၊ မြတ်ကုသိုလ်နှင့်၊ သံကိုပယ်စေ၊ ရွှေမြို့နှင့်သာ၊ ဆောက်ပါပြီးရှောင်း၊ ဝေဠုကျောင်းကို၊ ရှင်ကောင်းမြတ်စွာ၊ လှူခံပါဟု၊ ဗိမ္ဗာမင်းမူ၊ ကျောင်းလှူကာလ၊ ရေစက်ချတွင်၊ မြေငလျင်လည်း၊ ယောဉ်သွက်သွက်၊ လှုပ်လျက်ငြိမ့်ညောင်း၊ ဝေဠုကျောင်းကို၊ ရှင်ကောင်းဘုန်းလျှံ၊ အလှူခံ၍၊ ကျိန်းစံဣရိယာ၊ နေသောခါလျှင်၊ ဗိုလ်ပါဆင်မြင်း၊ မြို့တွင်းမြို့ပြင်၊ လူရှင်ထွက်ရေ၊ ကိုးကုဋေနှင့်၊

mgyoe.com

mgyoe.com



တိုင်းခြေသာယာ၊ သာသနာလည်း၊ တောက်စွာထွန်းပ၊ စည်ပင်လှ၍၊ ပြည်မသနင်း၊ မင်းမိဘုရား၊ ကျောင်းကန်သွားလျက်၊ ပြည်သားပြည်သူ၊ အူအူသဲသဲ၊ စည်နဲ့ရွှမ်းကာ၊ လှူဒါသီလ၊ ရေစက်ချ၍၊ နေ့ညပွားများ၊ ဘုရားထံမှ၊ ဆည်းကပ်ကြလျက်၊ သာလှနုပျို၊ ရာဇဂြိုဟ်ဝယ်၊ သွယ်သွယ်ဖောက်ကား၊ ကုန်သည်များတို့၊ ထွက်သွားကုန်ကြ၊ ကပိလသို့၊ နှစ်လခရီး၊ တောကြီးတောင်ခြေ၊ ရောက်ကုန်လေလည်း၊ သဝေမပါ၊ ကိုးဂါထာဟု၊ မြတ်စွာဗုဒ္ဓံ၊ ဓမ္မံသံဃံ၊ သရဏံပီတိ၊ ဂစ္ဆာမိကို၊ ရွတ်ဘိနှုတ်ဝယ်၊ သရဇ္ဈာယ်ကာ၊ ဘယာနတ္ထိ၊ ဘေးမရှိသည့်၊ သုခိချမ်းကြည်၊ များကုန်သည်တို့၊ ထူးလည်နာမ၊ သာယာလှသည်၊ ဗုဒ္ဓစိန္တေ၊ ချက်တော်ကြွေသည်၊ မင်းနေဌာန၊ ကပိလသို့၊ ရောက်ကြကုန်သော်၊ ရှင်တော်ပရမေ၊ သုံးလူ့ဆွေသည်၊ ဝေဠုဝန်ခေါ်၊ ရွှေကျောင်းတော်၌၊ စံပျော်မှီခို၊ ရာဇဂြိုဟ်တွင်၊ အထင်အရှား၊ ရှိငြားတုံခြင်း၊ ကြောင်းသတင်းကို၊ လင်းလင်းထုတ်ဖော်၊ ပြောကြားသော်လျှင်၊ ကြားတော်မူလေ၊ လွှမ်းဆွတ်ကြွေ၍၊ ရွှေပဒုမာ၊ ကုမုတ်ကြာကို၊ ဖလ်ဝါနေနန်း၊ ဒေါင်းရှိန်မြန်းသို့၊ နန်းကြီးပလ္လင်၊ သလွန်ခွင်ဝယ်၊ ရာဟုမယ်လည်း၊ ငယ်ကြင်ငယ်ချစ်၊ စလျားရစ်၍၊ ချစ်တုံ့မပြေ၊ ရာဟုဘေကို၊ စေ့ရေပြန်ပြောင်း၊ အောင်းမေ့ယူတ၊ ချူချူချ၍၊ သောကလောင်မီး၊ ရွှေရင်တီးသည်၊ ရှိုက်ကြီးလှိုက်ဖို၊ ငိုကြီးငိုနှင့်၊ ကိုယ်တော်ရုပ်သွင်၊ မျက်နှာပြင်ကို၊ ထင်တရေးရေး၊ မြင်ယောင်ဆွေးသည်၊ တွေးကာမြှော်တမ်း၊ အာကာလမ်းသို့၊ မှန်းလို့ ရည်ရော်၊ မြင်နိုးမြှော်လည်း၊ မိုးပေါ်ကောင်းကင်၊ မြူခိုးဆင်၍၊ မင်းလွင်ကာရီ၊ တိမ်ပန်းချီနှင့်၊ တိမ်နီတိမ်ထောင်၊ ဇော်ရောင်စုကာ၊ ပန်းမိလ္လာတို့၊ ရှုက်ကာအုံ့မှိုင်း၊ ပတ်လည်ဆိုင်းသည်၊ နယ်တိုင်းရစ်လည်၊ ဆင်တော့သည်တည်း။ ရွှေပြည်သခင်၊ ငယ်ကြင်မောင်တော်၊ သုံးလူ့ဘော်၏၊ သော်တာလသွင်၊ မျက်နှာပြင်ကို၊ ဘယ်တွင်ရိပ်စ၊ မမြင်ရဘူး၊ နှစ်ဦးမျိုးမျှ၊ မောင်နှမကို၊ မွေးဘမိခင်၊

mgyoe.com

mgyoe.com


နှစ်ပါးရှင်တို့၊ ဦးကင်တော်မြတ်၊ စလျားပတ်သည့်၊ နတ်သမုဒ္ဒေ၊ ရာဟု ဘောကို၊ မြတ်စေတနာ၊ မယ်ကမှာမူ၊ အမ်းယာညွှတ်ရုံး၊ ကေဆံ တုံးနှင့်၊ သက်လုံးအပ်၍၊ ဆုံးသတ်ပေါင်းမည်၊ မနောကြည်၍၊ ကြံရည် တွက်ကိန်း၊ သစ္စာထိန်းသည်၊ စိမ်းရက်လေခဲ့၊ ဆွတ်ကြွေလှိုက်ဖို၊ တောင်ကြီးပြိုသို့၊ ခိုရာမရ၊ ရာဟုဘကြောင့်၊ သောကလောင်ညီး၊ ပူသည်မီးကို။ ဘကြီး သုဒ္ဓေါ်။ မြင်မြော်စရာ၊ ရှိပါတော့သည်၊ ကိုးကွယ်ရည်၍၊ ရွှေစည်မရှမ်း၊ ဖြန့်ဝန်းထီးဖြူ၊ ဗိုလ်လူဆင်မြင်း၊ ရံဝင်းနောက်တော်၊ သင်းမဖော်ဘဲ၊ ယသော်ကိုထီး၊ ပန်းတကြီးလျှင်၊ ငိုကြီးရှိုက်ကာ၊ ညှိုးမသာနှင့်၊ ရာဇာ သုဒ္ဓေါ်၊ မွေ့လျော်စံတင်၊ နန်းရင်ပြင်သို့၊ ဆောလျင်မြန်စွာ၊ ပြေးဝင်လာ သော်၊ ရာဇာမင်းကျော်၊ ချွေးမတော်ကို၊ ရှုမျှော်မြင်လျှင်၊ နန်းပလ္လင်က၊ ရင်ရင်ထ၍၊ မိန့်ဟသံလေး၊ နှုတ်ဆက်မေးသည်၊ ချွေးမပြာဝင်း၊ ရှိလေချင်း။ ။ အခင်းဘယ်ဌာ၊ ဘယ်ကြောင်းလျာကြောင့်၊ ခရာမကျော်၊ စည်တော်မရှမ်း၊ ရံဝန်းမပါ၊ ငိုကြွေးကာနှင့်၊ ပူဆာလောင်ပြင်း၊ တကိုယ်ချင်းလျှင်၊ ဘမင်းရှိရာ၊ ခိုကိုးလာသည်၊ ကြီးစွာမှုများ၊ ရှိသည် လားသို့၊ စကားချို့ဖြ၊ ဘခင်မေးသော်၊ ချွေးမယသော်၊ ကြွေးကြော်ရှိုက်ငင်၊ လျှောက်ထားတင်သည်၊ ဘခင်ဘုရား၊ ရွှေနားကြည်ဖြူ၊ နာတော်မူလော့၊ ဇမ္ဗူဘောင်တွင်း၊ ထီးဆောင်မင်းထက်၊ ထွန်းလင်းကျက်သရေ၊ ဂုဏ်မြူ တေနှင့်၊ နေသို့ထင်ရှား၊ ကိုယ်တော်သားသည်၊ ဘိုးဘွားဆွေပေါင်း၊ ထီးဆောင်းနန်းနေ၊ သရေကိုသော်၊ မမြော်မထောက်၊ သားတစ်ယောက်လျှင်၊ ဘွားမြူမြင်က၊ ဆွေနှမကို၊ သိင်္ကြင်နန်း၊ ကျောက်စုံလျှမ်းသည်၊ ရွှေနန်းဘုံမှာ၊ ထားခဲ့ပါ၍၊ ဗိုလ်ပါဆင်မြင်း၊ ရံဝင်းတပ်တော်၊ များမခေါ် ဘဲ၊ ယာဉ်ကျော်အဿ၊ ကဏ္ဍကနှင့်၊ မတ်လှမောင်ဆန်၊ သန်းခေါင်ယံကို၊ အကြံယွင်းဖောက်၊ ကျွန်နှစ်ယောက်နှင့်၊ ကြွမြောက်တုံလေ၊ ရာဟုဘေ သည်၊ သေရှင်မသိ၊ ပျောက်လေဘိ၍၊ နန်းကြီးဆိတ်ညံ၊ ညီလာခံလည်း၊

mgyoe.com

mgyoe.com


ဗိုလ်ရုံသဘင်၊ ရှေးဖြစ်အင်နှင့်၊ အသွင်ကွဲလှ၊ မူဆိုးမဟု၊ ညှိုးလျှနွမ်းညစ်၊ ခုနစ်နှစ်သည်၊ တွက်စစ်ကြာမှ၊ သေချာသတင်း၊ ကြားသိလျှင်းသည်၊ ပြည်မင်းနဂိုရ်၊ ရာဇဂြိုဟ်ဝယ်၊ ကိုယ်တော့်သားချစ်၊ ဘုရားဖြစ်ပြီး၊ ရွှေကျောင်းကြီးနှင့်၊ ဘုန်းမီးရောင်တင့်၊ သူ့တိုင်းခွင့်ဝယ်၊ ကြာတင့် ရှည်လျား၊ သဃာ်များနှင့်၊ စံစားနေ့ရေ မလာနေသည်၊ မွေးဘေမင်းကျော်၊ ဉာဏ်ဖြင့်မြော်၍၊ ပင့်ခေါ်ပါမှ၊ ရာဟုဘသည်၊ ဌာနနန်းမြေ၊ တိုင်းချက် ကြွေသို့၊ ပြန်ပေကဲ့လှာ၊ ဖူးရပါအံ့၊ ရာဟုဘိုးတော်၊ သင့်လျော်သံချို၊ ရွှေခွန်းဆို၍၊ သားကိုဘခင်၊ ရင်ရင်ပင့်ပါ၊ တောင်းပန်ထွာသည်။ ။ ဖြာဖြာမျက်ရည် သွယ်ဆင်းတည်း။

(၂) ဆွေလည်းဆွေချင်း၊ မင်းလည်းမင်းမျိုး၊ ထီးရိုးနန်းတည်၊ မြင့်ရှည်စိုးကြ၊ မောင်နှမကို၊ သင်္ချေရစင်၊ ဘိသိက်တင်၍၊ ပလ္လင်နန်းပျော်၊ ချွေးမတော်က၊ မောင်တော်ငယ်ကြင်၊ ငယ်ကျွမ်းဝင်ကို၊ ဘခင်မင်းကျော်၊ ပင့်တော်မူပါ၊ ရှိက်ငိုကာနှင့်၊ ပူဆာညွတ်တွား၊ လျှောက်တင်ငြားသော်၊ မင်းဖျားသုဒ္ဓေါ်၊ ရွှေခွန်းဖော်၍၊ အော်ဟုတ်ကဲ့လား၊ ချိန့်တူဘွားသည်၊ ငါ့သားကြင်ဘော်၊ ချွေးမတော်။ ။ ညှိုးလျော်ယူတ၊ ငါ့ချွေးမမှာ၊ လွန်းသည်တာမူ၊ ငယ်ခါငယ်ချစ်၊ ငယ်ပေါင်းစစ်သည်၊ သားချစ်မွေးဘေ၊ ဖြစ်ပလေ၍၊ ဆွတ်ကြွေညှိုးငယ်၊ ဘုံနန်းလယ်က၊ ငယ်ကြင်တန်ဆောင်၊ သိဒ္ဓတ်မောင်ကို၊ ထင်ယောင်ကသိဏ်း၊ မျက်ရည်လှိုင်းသည်၊ နေ့တိုင်း ဆွတ်ကြွေ၊ လွမ်းပါပေခဲ့၊ မွေးဘေ၌ဝယ်၊ အဘယ်ဆိုရာ၊ မရှိပါဘူး၊ သည်းချာရင်ငွေ့၊ သားဘုန်းဟော့ကို၊ မိုဃ်းမြွေလှိုက်တုန်၊ နိမိတ်စုံနှင့်၊ ဘွားတုံပြီးသော်၊ မယ်တော်နတ်ထံ၊ ပြောင်းကြွစံ၍၊ ကျန်ရစ်ခဲ့ငြား၊ မြတ်သည်သားကို၊ အားပြု၍လျှင်၊ ဘခင်သက်စု၊ ချစ်မှုပိုက်ထွေး၊ လွန် မြတ်လေးသည်၊ ချွေးမနှင့်သာ၊ လက်ထပ်ကာဖြင့်၊ ရာဇာမွေးဘ၊ စိတ် ချဝမ်းသာ၊ နေသည်တာက၊ ပန်ထွာမကြား၊ ဘခင်အားကို၊ ပစ်သွား

mgyoe.com

mgyoe.com


ထွက်ခါ၊ ကြာကြီးကြာ၍၊ လွမ်းဗျာဆွတ်ကြွေ၊ သားသက်ဝေကို၊ တနေ ဝင်မြောက်၊ တမိုးသောက်လည်း၊ ရောက်လာလိမ့်နော်၊ ခမည်းတော်မှာ၊ မြွော်ကာယူတ၊ မျက်ရည်ကျသည်၊ ချွေးမထက်ကို၊ ကဲဆပို၍၊ ပုဂ္ဂိုလ် သနင်း၊ ရှင်ရင်းပရမေ၊ သားသက်ဝေကို၊ မွေးဘေမြော်တမ်း၊ မျက်ရည် လျှမ်းသည်၊ စမ်းသို့ထွေထွေ၊ လွမ်းလှလေခဲ့၊ ဆွေတော်မျိုးတော်၊ စပ်တော်နီးကြ၊ ဆိုသမျှနှင့်၊ ချွေးမပစ်ကွေ၊ ရာဟုမေတို့။ ။ ဆွတ်ကြွေ ညှိုးလျ၊ လွမ်းဒုက္ခကြောင့်၊ စိတ္တဇရောဂါ၊ ကပ်ရောက်ခါလျှင်၊ ချမ်းသာ မည်ဆေး၊ ကုရေးမမြင်၊ သို့ဖြစ်အင်ကြောင့်၊ ဆင်ခြင်ထောက်ထား၊ ငါ၏သားကို၊ တရားယူဖြေ၊ လွမ်းကြလေလော၊ မွေးဘေဒ္ဓမှာ၊ ဇရာ နှိပ်နင်း၊ အိုခြင်းတဝ၊ သားဗုဒ္ဓကို၊ မျှော်တဗျာပါ၊ လွမ်းရောဂါကြောင့်၊ ရေစာမဝင်၊ ရှိကြောင်းအင်ကို၊ စုံလင်ခြင်းရာ၊ ရွှေပေစာနှင့် သေချာမှာ ထား၊ သားဘုရားကို၊ သွား၍ပင့်ချေ၊ စေလွှတ်မည်ပ၊ မကြောင့်ကြနှင့်၊ မွေးဘသုဒ္ဓေါ်၊ မိန့်ရှိသော်မှ၊ ညှိုးလျော်ဆွတ်ကြွေ၊ ရာဟုမေလည်း၊ ရှိသေညွှတ်ခ၊ ဦးနှိမ်ချ၍၊ နန်းမရဝေ၊ ပြန်လေ၍သာ၊ ရာဟုလာကို၊ ပွေ့ခါဖက်ယမ်း၊ ဘယ်ညာနန်းသည်၊ အလွမ်းဖြေ၍၊ နေတော်မူခဲ့၊ ပြည်သူမျက်ဖျော်၊ မင်းသုဒ္ဓေါ်လည်း၊ ယသော်ချွေးမ၊ ပြန်သည်မှလျှင်၊ မိန့်ဟသံတော်၊ ရွှေခွန်းဖော်၍၊ ဆွေတော်မျိုးမျှ၊ တော်စပ်ကြသည်၊ တဘရင်သွေး၊ မိခင်မွေး၍၊ ညီထွေးသုက္ကော၊ အမိတ္တောနှင့်၊ဒေါဒေါ ဒန၊ ပုတ္တော စသည်၊ မြို့ပြခရိုင်၊ အပိုင်မြတ်လေး၊ ခန့်အပ်ပေး၍။ ဓလေးယောက်မတ်မွန်၊ ရွှေဘွဲ့ခွန်တို့။ ။ သားမွန်းဘုရား၊ ထွက်သွားရှည်ကြာ၊ ယခုမှာလျှင်၊ သာယာနုပျို၊ ရာဇဂြိုဟ်ဟု၊ ထိုပြည်တိုင်းမှာ၊ နှိုင်းသူမရ၊ ဗုဒ္ဓစင်စစ်၊ ဘုရားဖြစ်၍၊ သားချစ်ကယ်မလာ၊ နေသည့်တာကြောင့်၊ ငါ၏ချွေးမ၊ မွေးဘရိုရာ၊ ပြေးဝင်လာ၍၊ ရာဟုဘခင်၊ ငယ်ကကြင်ကို၊ ဘခင်မင်းကျော်၊ ပင့်တော်မူပါ၊ ငိုကြွေးခါနှင့်၊ ပန်ထွာ ညွှတ်ပျောင်း၊

mgyoe.com

mgyoe.com


တင်လာရှောင်းသည်၊ အကြောင်းဘယ်သို့၊ ကြံကြမြို့အံ့။ ထိုသို့ထုတ်ဖော်၊ မင်းသုဒ္ဓေါဒန၊ ညီတော်ဆွေသား၊ မှူးမတ်များနှင့်၊ သားတော်ကြောင်းအင်၊ တိုင်ပင်နှိုင်းဆ၊ ပြောဆိုကြသော်၊ နန်းမစိုးဘူ၊ ထွေးဖြူမိဘုရား၊ သားစကားကို၊ ကြားသိလေက၊ ဆွတ်ကြွေရှိုက်ကြီး၊ ရင်ပပ်တီးလျက်၊ အမကြီးငယ်လေ၊ ဗုဒ္ဓမေ။ ။ ဝေဝေငယ်ပန်းစုံ၊ သင်းပျံ့ထုံနှင့်၊ လုမ္ဗနီခေါ်၊ ဥယျာဉ်တော်တွင်၊ သားတော်မိခင်၊ ရပ်လျက်ပင်နှင့်၊ ဘွားချင်အခါ၊ ချိန်ရောက်လာသော်၊ များစွာပန်းစုံ၊ ဦးညွတ်တုံလျက်၊ အင်ကြင်းခက်ကို၊ တဘက်နွဲ့သော်၊ အမတော်ကို၊ ထွေးတော်ပိုက်ဘက်၊ တွဲမလျက်နှင့်၊ ဆန်းတက်ကဆုန်၊ ရက်ပုဏ္ဏမာ၊ နေ့သောကြာတွင်၊ ဝိသာနက္ခတ်၊ မွန်းမတ်သည်မှာ၊ မှတ်လော့အံ့ချီး၊ နိမိတ်ကြီးလည်း၊ သီးသီးများစွာ၊ ထင်ပြလာလျက်၊ ရတနာပလ္လင်၊ ရွှေအင်းပျဉ်က၊ ချစ်ရှင်ဘုရား၊ ဆင်းပြောကြွလာ၊ ဓါပမာသို့၊ မြတ်စွာသားကို၊ ဖွားမြင်တုံပြီး၊ အမကြီးလည်း၊ တသီးဘုံပျံ၊ နတ်ရွာစံ၍၊ ပူရန်တခြား၊ ထွေးတော်အားမူ၊ သားရင်းမင်းနံ၊ သူများထံတွင်၊ အပ်နှံမွေးစေ၊ သားစိန္တေကို၊ မွေးမေအတူ၊ ပွေ့ယူပိုက်ထွေး၊ ရင်နို့ကျွေး၍၊ ဧယာဉ်ကျူးကျော်၊ ထွေးတော်မွေးပြေား၊ သားဘုရားသည်၊ ထွက်သွားကြာတင်၊ သူ့တိုင်းခွင်က၊ လျင်လျင်မြန်မြန်၊ ထွေးတော်ထံသို့၊ မပြန်ခဲ့ပြေား၊ သားဘုရားသည်၊ နေအားလေခဲ့။ ။ မှိုင်းဝေငယ်ညိုမြ၊ ကပိလဟု၊ အမကြီးတည်နေ၊ တိုင်းချက်ကြွေသို့၊ တိမ်ခြေငယ်မို့ရန်၊ နတ်တို့ထံက၊ မြန်မြန်ငယ်ကြွဆင်း၊ သားတော်ရင်းကို၊ မိမင်းမာယာ၊ တုသိတာက၊ မြင်ပါလှဲ့လား၊ ဘုံသုံးပါးမှာ၊ ဘုရားမေ။ ။ ရွှေရင်တော်နှစ်၊ ဘုရားဖြစ်၍၊ စင်စစ်ခုသော်၊ ဘသုဒ္ဓေါဒန္နှင့်၊ မယ်တော်တိုင်းခြေ၊ စံနန်းမြေသို့၊ မြန်းပေတော့မည်၊ ဖြစ်လေသည်ကြောင့်၊ ရောင်ခြည်ထွန်းညီး၊ သားဘုန်းကြီးကို၊ ဆည်းခါဖူးရ၊ ညီအမတို့၊ ကြံကြစို့လေ၊ နတ်ရွာသွားငယ်၊ သားကောင်းမေ။ ။ နတ်မြေဘုံသာ၊ တုသိတာက၊ မာယာငယ်မယ်ဘွား၊

mgyoe.com

mgyoe.com


ဆင်လှာပြား၍၊ သားတော်ရင်နှစ်၊ ဘုရားဖြစ်ကို၊ သနစ်ကယ်ကြောင်းစ။ မြင်ပါရလျှင်၊ ခြိုးချကြွေးကျော်၊ ငိုတော်မူပြီး၊ သပ်ရင်တီးနှင့်၊ အမကြီး မြန်စွာ၊ သားရတနာကို၊ ပြေးကာဘက်ယမ်း၊ နမ်းတော်မူပြီး၊ မြိုင်တော ကြီးဝယ်၊ ဆည်းယူကြို့ရင်း၊ သားခြေရင်းတွင်၊ ချက်ခြင်းဘဝင်၊ ကွဲလိမ့် လျှင်တည်း၊ ပူပင်ကြီးမား၊ ထွေးတော်အားလည်း၊ သားကို ကြင်သည်၊ မိခင်တဝဲလလ၊ ဆိုကြပုံလား၊ သားကြောင့်တသီး၊ အစ်မကြီးနတ်ထံ၊ နတ်ပြည်စံကို၊ ပြန်၍လွမ်းတ၊ နှစ်ဌာနကို၊ မိုဃ်းဝငယ်တိမ်ထပ်၊ ဘုံပြာသာဒ်က၊ နတ်မင်းငယ်ညာနေ၊ ပူမျိုးထွေကို သိလေဘူးနော်၊ လွမ်းတိုင်းမြော်သည်၊ ထွေးတော်သာကီ၊ ပန်းလှပြီ။ ။ စုံစီယူတ၊ ခြိုးခြိုး ချ၍၊ အမနှင့်သား၊ သည်နှစ်ပါးကို၊ စကားထုတ်ဖော်၊ မိထွေးတော်က၊ ငိုကြွေးတသော်၊ ပြည်မသနင့်း၊ သုဒ္ဓေါ်မင်းသည်၊ ဖူးမြင့်ညှိုးပျောင်း၊ ငယ်ကပေါင်းသည်၊ သားကောင်းမယ်တော်၊ နတ်ရွာပျော်ကို၊ ခုသော် တဘန်၊ ပြန်၍လွမ်းရ သားဗုဒ္ဓကြောင့်၊ သောကပြိုက်ပြိုက်၊ ဘဝင်ဆိုက် သည်၊ ရှိုက်ကာဆွတ်ကြွေ၊ လွမ်းသစ်ပွေခဲ့၊ ဒေဝီညာပျော်၊ ထွေးတော် မဟေသီ၊ ဂေါတမီငယ်၊ စုံစီယူတ၊ အဘနှင့်သား၊ ခြင်းရာများကို၊ စကားဆွတ်ကြုံ၊ ဘန်ကုန်သလို၊ ထုတ်ဖော်ဆိုကာ၊ မငိုပါနှင့်၊ ငါ၏ နှလုံး၊ ဆုံးလုမတတ်၊ ပြတ်တေမည်လား၊ ထိုစကားကို၊ မကြားဝံ့ဘူး၊ သားဦးရတနာ၊ ကြွရောက်လာအောင်၊ ရွှေလှာရွှေပေ၊ သဝဏ်ချွေနှင့်၊ ပင့်စေတော့မည်၊ သို့ဖြစ်သည်ကြောင့်၊ ဆွတ်ကြည်ယူတ၊ ငိုကြသည်ကား၊ ဒုက္ခပွားသည်၊ တရားဖြေကာ၊ သားမြတ်စွာကို၊ လွမ်းပါကြလေ၊ သာကီဆွေတို့၊ ဖျောက်ဖြေစကား၊ မိန့်တော်ကြားမှ၊ သားတော်မိခင်၊ ဆွေစဉ်မဝေး၊ မိထွေးဂေါတမီ၊ တလီငြိမ်စေ၊ ဆိတ်ဆိတ်နေနေ၏။ ကြက်သရေထွန်းလင်း၊ ညီလာခင်းတွင်၊ မင်းကြီးသုဒ္ဓေါ်၊ မိန့်ကျူးခေါ် သည်၊ ဆွေတော်မျိုးတော်၊ မှူးတော်မတ်ကြီး၊ ထီးစလွယ်ပေး၊ ကျေးရွာ

mgyoe.com

mgyoe.com


မြို့စား၊ ချီးမြှောက်ထားသည်၊ ငါးသွယ်နေရုံ၊ ရွှေဘွဲ့ခံတို့။ ။ တမန်တန်မြှောက်၊ မတ်ကိုးယောက်ကို၊ တယောက်တထောင်၊ တပ်ပေါင်းဆောင်၍၊ ဘုန်းခေါင်ပရမေ၊ သားစိန္တေကို၊ ပင့်စေလွှတ်ကြား၊ အမတ်များလည်း အားလုံးမပြန်၊ ဆန်လွန်အာဏာ၊ နေသည်တာမှာ၊ ပြန်သာရောက်လျှင်၊ နောင်ကြောက်စေရန်၊ ရာဇဒဏ်ကို၊ အမှန်ထင်ရှား၊ စီရင်ပြားလော၊ ခုကားထပ်ကာ၊ သားမြတ်စွာနှင့်၊ ဘွားကာတူဘက်၊ ကစားဘက်ဟု၊ နှစ်သက်ကြင်နာ၊ ကာလုဒါကို၊ ပင့်ပါစေမှ၊ သားဗုဒ္ဓသည်၊ မွေးဘတိုင်းပြည်၊ ကြွရောက်မည်ဟု၊ မိန့်ရည်အာဏာ၊ ရှိသည်တာကြောင့်၊ ကာလုဘွားဘက်၊ ရှင်အားတက်၍၊ လက်အုပ်ချီကာ၊ ခြင်းရာကြည်ညို၊ လျှောက်တင်ဆိုသည်၊ ကိုယ်တော်မြတ်သား၊ ဘွားလည်းဘွားတော်၊ စိန္တေယျော်ကို၊ လိုတော်စိတ်ကြိုက်၊ လိုက်၍သာယာ၊ ပင့်လျှင်ပါစေ၊ မလိုက်နေမူ၊ ရွှေပဒုံဘွား၊ ခြေစုံကြားကို၊ ပွေ့ကာဖက်ရမ်း၊ အတင်းထမ်း၍၊ ရွှေနန်းအောင်ချာ၊ ဆောင်ခဲ့ပါမည်၊ ရာဇဂြိုဟ်က၊ ဗိုလ်ခြေခန့်ထား၊ တို့ဘုရားဟု၊ တိုက်ကြားလုလည်း၊ မြူနှုဖြုတ်ခြင်၊ မှတ်မထင်ဘူး၊ သခင်ဖိနော်၊ ကျွန့်ဘွားတော်ကို၊ ခုသော်လျင်မြန်၊ ဘခင်ထံသို့၊ ပြန်လွယ်ရောက်အောင်၊ ပင့်ဆောင်ပါမည်၊ ဝန်ခံသည်တည်း၊ ပြည်ကြီးသနင်း၊ သုဒ္ဓေါမင်းလည်း၊ တင်းတင်းကြပ်ကြပ်၊ မတ်ကာလုဒါ၊ ခံဝန်ကာမှ၊ မျက်နှာရွှင်လန်း၊ လသစ်ဆန်းသို့၊ စိတ်ဝမ်းမြောက်စွာ၊ သားရတနာကို၊ သည်ခါဘခင်၊ ဖူးမြင်ရမည်၊ မနှောကြည်၍၊ ရွာပြည်မြို့ကျေး၊ ချီးမြှောက်ပေးသည်၊ လေးပါးမတ်မွန်၊ အတွင်းဝန်နှင့်၊ စာချွန်တော်ပေး၊ အမှာရေးတို့။ ။ ရင်သွေးငါ့သား၊ မြတ်ဘုရားကို၊ သွား၍ပင့်ရာ၊ ကာလုဒါတွင်၊ ရွှေလွှာပေးမူ၊ စာကိုစု၍၊ ယခုပြီးစေ၊ သွင်းခဲ့လေဟု၊ ရွှေဗျာဒိတ်တော်၊ ရှိလေသော်လျှင်၊ မှူးတော်မတ်ကြီး၊ ဝန်ကြီးဝန်ထောက်၊ ဒူးရောက်တော်မှန်၊ သံခံသံဆင့်၊ ထောက်ချင့်မြှော်တွေး၊ အမှာရေးနှင့်၊ အဝေးတော်ရောက်၊

mgyoe.com

mgyoe.com


တင်လျှောက်ဘတ်ရန်၊ ရွှေနားခံတို့၊ စီမံသည်မှာ၊ ရွှေပေစာမူ၊ ရာဇဂြိုဟ်
ပြည်၊ ပိုင်သည်မင်းအား၊ ပါးရန်ရွှေလွှာ၊ တဆောင်သာတည်း၊ မြတ်စွာ
သုံးလူ၊ သဗ္ဗညူကို၊ ပင့်မူရွှေလွှာ၊ တဆောင်သာကို၊ ရတနာကျောက်လျှပ်၊
ရွှေကလပ်တွင်၊ လျောက်ပတ်စီစဉ်၊ ကောင်းစွာတင်လျက်၊ သံလွှင်ချီးမြှင့်၊
သံတော်ဆင့်က၊ ဦးနှိမ်ချ၍၊ ပြည်မသနင်း၊ သုဒ္ဓေါ်မင်းအား၊ နားတင်း
စိမ့်ငှာ၊ ရွှေပေစာကို၊ ဆက်ပါတော့မည်၊ ဖြစ်လေသည်ကြောင့်၊ ကြည်
သောသဒ္ဓါ၊ စေတနာပွား၊ ရွှေခွက်နားတို့၊ ညဏ်သွားအာရုံ၊ နာပါကုန်
ရှောင်း၊ တသောင်းယူဇနာ၊ တောင်ဒီပါတွင်၊ မဟာသမ္မတ၊ မင်းမှစ၍၊
ဘလည်းနန်းရိုး၊ ဘိုးလည်းနန်းစံ၊ အသမ္ဘိန္န၊ ခတ္တိယရာဇာ၊ မဟာဓိပတိ၊
သုံးပြည်ချီသည်၊ မဟိဒ္ဓိခေါင်၊ ရှစ်သောင်းဆောင်သည်၊ နှစ်ထောင်ဆက်စိုး၊
သာကီမျိုးဟု၊ တန်ခိုးနေလ၊ ထွန်းတောက်ပသည်၊ ကပိလမည်၊ ပြည်ကြီး
သနင်း၊ သုဒ္ဓေါ်မင်းက၊ ကြောင်းခြင်းသေချာ၊ ရွှေပေစာနှင့်၊ ကြားမှာလိုက်
ပါသည်၊ ပြည်ရာဇဂြိုဟ်၊ အဟိုစဉ်လာ၊ ဆက်ကာစိုးခြင်း၊ ဗိမ္ဗာမင်း၏၊
သားရင်းဘုရား၊ ဝေနေအားကို၊ သနားကရုဏာ၊ ကြီးမြတ်စွာ၍၊ ပြည်ရွာ
နန်းထီး၊ စွန့်သွားပြီးလျှင်၊ ကျင့်ကြီးဒုက္ခ၊ စရိယာနှင့်၊ မြတ်စွာဘုရား၊
ဖြစ်ငြားတုံပြီး၊ ပြည်ကြီးရာဇဂြိုဟ်၊ မိုခိုကိန်းအောင်း၊ ဝေဠုကျောင်းတွင်၊
ရှိကြောင်းသတင်း၊ ကြားသိလျှင်း၍၊ သားရင်းမြတ်စွာ၊ သုံးလူ့ချာကို၊
ရာဇဘခင်၊ ဖူးချင်တုံလှ၊ လွမ်းဒုက္ခနှင့်၊ စိတ္တဇရောဂါ၊ ရှိသည်တာကြောင့်၊
လိမ္မာစေ့ငု၊ မတ်ကာလုကို၊ ပင့်မူလျှောက်လွှာ၊ ရွှေပေစာနှင့်၊ ဝန္ဒာရှိသေ။
ပင့်ပါစေသည်၊ အဆွေကလျာ၊ မဟာမိတ်ရင်း၊ ဗိမ္ဗာမင်းက၊ ကိုချင်းစာနာ၊
မိဘ မှာလျှင်၊ တဏှာနိုင်ငံ၊ ဥပါဒါန်ဆီး၊ သားသမီးထက်၊ ကြီးသည်ဗျာပါ၊
မရှိပါဘူး၊ ပင့်လာသူအား၊ တားသောဆီးသော၊ သဘောမေတ္တာ။ မကွက်
ပါနှင့်၊ တခါတလည်၊ မိဘပြည်သို့၊ ပြန်လည်ကြွပါ၊ ကူညီညာ၍၊
လျှောက်ပါရွှေနား၊ သားဘုရားကို၊ ကြွငြားစေပါ၊ ရွှေပေစာနှင့်၊ ကြားမှာ

mgyoe.com

mgyoe.com


လိုက်သည်၊ နှစ်ခြိုက်မိတ်ဖော်၊ အဆွေတော်။ ။ ထိုရော်ခြားသီး၊ ဘတ်တင်ပြီးလျှင်၊ ဘုန်းကြီးစိန္တေ၊ မြတ်ပရမေကို၊ ပင့်စေလွှတ်ရာ၊ ရွှေပေစာကို၊ တခါဘတ်သည်။ ဘဒ္ဒကမ္ဘာ၊ ပေါ်ဦးစွာက၊ မဟာသမ္မတ၊ မင်းမှစ၍၊ ဆက်သပိုင်စိုး၊ ရိုပ်ဖြူမိုးသည်၊ ဘိုးတော်ဘေးလောင်း၊ ထီးဆောင်းနွယ်ရိုး၊ သာကီမျိုးဟု၊ တန်ခိုးနေလ၊ ထွန်းတောက်ပသည်၊ သက္ကတိုင်းမည်၊ ကပိပြည်ကို၊ ဆက်ရှည်စိုးခြင်း၊ ဘမင်းသုဒ္ဓေါ်၊ ထုတ်ဖော်ခြင်းရာ၊ ရွှေပေစာနှင့်၊ ကာလုဒါအား၊ ရွှေလွှာပါး၍၊ လျှောက်ထားလိုက်ပါသည်၊ မကိုဋ်မှီစိန္တေ၊ သားဘုန်းဝေ။ ။ နန်းနေမယ်တော်။ သားဖိနော်ကို၊ ဖွားတော်မူ စ၊ နတ်ရှာကြွလည်း၊ မွေးဘဉ္ဈကား၊ သားဘုရားကို၊ အားကိုး၍လျှင်၊ ချစ်ခင်မဝ၊ ထွေးတော်ကလည်း၊ ယုယပိုက်ထွေး၊ ရင်နို့ကျွေး၍၊ မွေးပါလျက်ပင်၊ သို့ကိုစဉ်လည်း၊ ဘခင်ဉ္ဈအား၊ မတိုင်ကြားဘဲ၊ ထွက်သွားသည်တာ၊ ကြာလွန်းစွာမှ၊ ရာဟုမယ်တော်၊ လွမ်းတိုင်းမြှော်၍၊ ညှိုးလျှော်ဖူးမြင့်း၊ မောင်တော်မင်းကို၊ သတင်းစကား၊ ကြားရတပ်တပ်၊ လျှောက်တင်လတ်သော်၊ သားမြတ်ပျော်ခို၊ ရာဇဂြိုဟ်ကို၊ ဟိုဆီမှာပင်၊ ရေးရေးထင်၍၊ သေချင်မတတ်၊ ရွှေရင်သပ်လျက်၊ နန်းပြာသာဒ်ဗွေ၊ ပူမီးငယ်ဝေ၍၊ မွေးဘေညှိုးလျှော်၊ သားဘုန်းမော်ကို၊ မြှော်လေမဆုံး၊ မြူခြည်ငယ်ဖုံး၍၊ တိမ်လုံးပြာပြာ၊ ထက်အာကာက၊ မိလ္လာဖော်ရောင်၊ ခိုပန်းဆောင်နှင့်၊ တိမ်ထောင်မြသွေး၊ ပန်းချီရေးသို့၊ အတွေးရကပ်၊ တိမ်ပြာသာဒ်ကို၊ မိုဃ်းနတ်မိတ်ဆွေ၊ ဆေးစုံခြေ၍၊ ရှုလေတိုင်းပင်၊ မွေးဘခင်မှာ၊ ဘဝင်ကြွေကျွမ်း၊ မျက်ရည်ရွှန်းသည်၊ လွမ်းဖျားလွမ်းနာ၊ လွမ်းရောဂါကြောင့်၊ ရေစာမဝင်၊ ရှိသည်အင်နှင့်၊ ရင်ခွင်ပိုက်ထွေး၊ နို့ရည်ကျွေးသည်၊ မိထွေးဂေါတမီ၊ ဒေဝီယသော်၊ သားတော်ငယ်သွေး၊ ရာဟုမြေးတို့၊ လွမ်းဆွေးလွမ်းနာ၊ ရေဝေးကြာသို့၊ မြှော်ကာတမ်းယောင်၊ ဝိဋ္ဌာမှောင်ကို၊ ငြိမ်းအောင်ထောက်ထား၊

mgyoe.com

mgyoe.com


ဘုရားမြတ်စွာ၊ ချွတ်လှဲ့ပါဟု မတ်ကာလုတွင်၊ စေ့ငုလွန့်စွာ၊ ရွှေပေစာကို၊ သေချာပါး၍၊ လျှောက်ထားလိုက်ပါသည်၊ မကိုဋ္ဌကယ်ဘုန်းမော်၊ သားဖိနော်။ ။ သုံးဘော်လူ့ဆွေ၊ အစိန္တေကို၊ ပင့်စေလွှတ်ရာ၊ ရွှေပေစာကို၊ သွင်းကာရှေ့တော်၊ ဘတ်တင်သော်လျှင်၊ သုဒ္ဓေါမင်းဖျား၊ စိတ်ထားကျကျ၊ ဝမ်းမြောက်လှ၍၊ သင့်လှပြီနော်၊ အမတ်တော်တို့။ ။ သားတော်ပင့်ရာ၊ ရွှေပေလွှာကို၊ သေချာလျှောက်ပတ်၊ တံဆိပ်ခတ်၍၊ မတ်ကာလုဒါ၊ ပေးအပ်ပါလော၊ ရွှေဗျာနူတ်တော်၊ မိန့်ကျူးခေါ်သည်၊ မတ်တော်မဟာ၊ ကာလုဒါ။ ။ ငါ၏သားနှင့်၊ ကစားကြဘက်၊ နှစ်သက်ကြင်နာ၊ လိမ္မာခြယ်လယ်၊ ပင့်နိုင်ဘွယ်ဟု၊ ရွေးချယ်လွှတ်သည်၊ ပေါက်လွှတ်စိတ်တင်း၊ အရင်းခံထား၊ အမတ်များနှယ်၊ အားလုံးထွက်ကျုံး၊ ရွှေမြစ်ဆုံးသို့၊ လုံးလုံးမလာ၊ သူ့ရွာတိုင်းခြေ၊ မနေလေနှင့်၊ သေသေချာချာ၊ ရွှေပေစာနှင့်၊ မကြာယင်စေ၊ ခုချီလေ။ ရွှေမိန့်တော်မြတ်၊ အာဏာတပ်သော်၊ နတ်သမ္မုတိ၊ တိုင်းကြီးသခင်၊ ဘဝသျှင်ကို၊ ပွဲပြင်၍သာ၊ ကန်တော့ကာဖြင့်၊ ကာလုဒါယီ၊ ပြည်ကပီက၊ ထွက်ချီမည်ရှိ၊ စစ်ကိရိယာ၊ သေနင်္ဂါလည်း၊ ဗျူဟာသကဋ္ဌ၊ ဥဘာဘနှင့် ပဒုမခန်း၊ ယင်ဘောင်တန်းတွင်၊ မကရ်း စစ်ဆင်၊ ရေယာဉ်ပျားစွဲ၊ စစ်ပွဲခင်းကျင်း၊ လုံးရင်း၊ အုပ်ကွပ်၊ အကြပ်သွေး သောက်၊ ဝမ်းမြောက်စိတ်ကြည်၊ နတ်စစ်သည်သို့၊ ပန်းထည်ခေါင်းဖောင်း၊ ကိုယ်စီပေါင်းသည့်၊ အောင်ကြောင်းကြက်သရေ၊ ပန်းသပြေကို၊ ဝေဝေ ဖြိုးဖြိုး၊ နားမှာထိုး၍၊ တိုးလားတိုးလား၊ ဆော်ကြိမ်းဝါးလျက်၊ ဓား လှံပြိုးပြောင်၊ အောင်လံအောင်မောင်း၊ ကောင်းကင်ချောင်းမှျ၊ ရိုက် ညောင်းထစ်ကျိုး၊ မီးခိုးလျှံလူ၊ ကျိုက်ဆူခြိမ့်ညံ၊ စည်ရွှမ်းသံနှင့်၊ ဆင် သံမြင်းသံ၊ ဗိုလ်သံဗိုလ်လှေး၊ ဗိုလ်ထုကြွေး၍၊ စစ်ရေးပြသ၊ ပြီးလေ ကြသော်၊ ရာဇပြက္ခဒိန်၊ နှိုင်းချိန်တွက်ဆေး၊ ခါတော်ပေးက၊ ခါကောင်း ရတွင်၊ များလှပြည်သူ၊ ဦးဖြူဦးနက်၊ မြို့လုံးထွက်၍၊ အုတ်ကျက်

mgyoe.com

mgyoe.com


ကြွေးကြော်၊ စိန္တေယျော်သည်၊ ရှင်တော်ဘုရား၊ ပါစေသားဟု၊ အများ
ကြော်ငြာ၊ ပန်းမြူတာနှင့်၊ အောင်ပါစေကြောင်း၊ ညောင်ရေလောင်းလျက်၊
ကောင်းချီးပေးခါ၊ မင်္ဂလာတိတ်၊ နိမိတ်ရပြီ၊ ချီတော့မည်ပ၊ ဝမ်းသာလှ၍၊
ဘွဲ့ရဗိုလ်ခြေ၊ စစ်သည်တွေနှင့်၊ နေကညိုညို၊ တိမ်ပန်းခို၍၊ လေချိုကသွန်း၊
နေဝှမ်းတက်ကြွ၊ နန်းတော်ကလျှင်၊ စွယ်တော်စင်က၊ ပစ္စင်ငြိမ့်ညောင်း၊
နေမောင်းနာရီ၊ နှစ်ချက်ချီသော်၊ တပ်မတော်က၊ ရဲဘော်အမြောက်၊
သုံးကြိမ်ဖောက်၍၊ မြောက်စည်ရွှမ်းသည်၊ လွန်းဘွဲ့စည်ကြီး၊ တီးကာ
ဟိုးဟာ၊ ကသူတို့အား၊ အင်္ကျီပါးနှင့်၊ နားမှာသပြေ၊ အောင်ပန်းဝေလျက်၊
ခေါင်ရေယစ်မူး၊ ပျော်မြူးဟိုးဟာ၊ ဓားကဂျွမ်းထိုး၊ ကျော်ဟိုးခြိမ့်ငြာ၊
ကာလုဒါလည်း၊ မင်္ဂလာတပ်တော်၊ ထွက်ချီသော်လျှင်၊ မြိုင်မော်စိမ့်စမ်း၊
တောင်စဉ်တန်းဝယ်၊ စခန်းတက်ကာ၊ ပန်းတို့မှာလည်း၊ ဝေဆာဆိုင်းဆိုင်း၊
ရာသီလှိုင်းသည်၊ မြင်တိုင်းလွမ်းကာ၊ သာယောင်သာနှင့်၊ ဥဒါပဟရဏ်၊
တောရဂုံမှာ၊ မှုံမှုံငယ်မှိုင်းမှိုင်း၊ မြူချည်ငယ်ဆိုင်းသည်၊ နတ်သိုင်း
မြရည်၊ ပန်းလျှပ်ခြည်နှင့်၊ ပတ်လည်ငယ်တိမ်ပုပ်၊ မိုဃ်းကုပ်ကုပ်ကယ်က၊
ရွာရုပ်ကယ်ချိုးခြိမ့်၊ ညိုးညိုးငြိမ့်နှင့်၊ စိမ့်ရဂုံချောင်၊ တောနှင့်တောင်ဝယ်၊
ရွှေရောင်ပိတောက်၊ ပေါက်နှင့်လက်ပံ၊ ကျေးငှက်သံနှင့်၊ လွမ်းရန်စီစဉ်၊
မျှော်တိုင်းမြင်သည်၊ အိမ်ရှင်ကိုသာ၊ ပြန်လွမ်းကာနှင့်၊ ယင်းမာရွှေဖီ၊
ကတ္တရီအင်ကြင်း၊ ဂေါ်မင်းမိုးဆွေ၊ လေညှင်းခြွေ၍၊ အိုးဝေငယ်ကျော်
ညောင်း၊ တောင်နှာမောင်းက၊ ရွှေဒေါင်းငြိမ့်ငြိမ့်၊ တောလုံးသိမ့်အောင်၊
ခြိမ့်ခြိမ့်ရိုက်ချီး၊ တောင်ပန်တီးလျက်၊ အိပ်တန်းတက်သည်၊ တောကြက်
မောင်နှံ၊ ကတောက်သံတည်း၊ ကြော်ညံကြွေး၍ ရွှေကျေးသုဝ၊ မာဂဓ
ဖြင့်၊ ဖိုမလွမ်းကြင်၊ မြိုင်တခွင်ဝယ်၊ သွင်သွင်စီးသွန်၊ ရေတံခွန်လျော၊
တောအဆိုင်ဆိုင်၊ မြိုင်အဆင့်ဆင့်၊ စမ်းနှင့်ရေယဉ်၊ သဇင်ဂမုန်း၊ ပျား
ပိတုန်းတို့၊ ခြိမ့်အုံးပျော်ရာ၊ တောအင်္ဂါကို၊ ခြင်းရာစကား၊ စာဆိုငြား

mgyoe.com

mgyoe.com


လည်း၊ ရှည်လျားတော့မည်၊ ဖြစ်လေသည်ကြောင့်၊ ဉာဏ်ရည်အတိတ်၊ တောနိမိတ်ကို၊ အရိပ်ပြဆို၊ ပိုဒ်မပိုသည်။ ။ ဝိဂြိုဟ်လက်ရစ်တမ်းနားတည်း။

(၃) စကားအရာ၊ ဘာသာလျှင်မြန်၊ အင်ရှစ်တန်နှင့်၊ တမန်အရာ၊ ရဟန္တာဟု၊ ပါရမီကြီးလှ၊ ပစ္ဆိမမှာ၊ ကာလုဒါလည်း၊ ပညာတောက်လျှမ်း၊ တပ်စခန်းသို့၊ ဘန်းအောင်မနှင်၊ မြင်းဆင်သိမ်းအုပ်၊ အကျဉ်းချုပ်၍၊ ချက်ပြုတ်ကိစ္စ၊ စခန်းချလျက်၊ မဂဓတိုင်း၊ မှိုင်းရီညိုညို၊ ရာဇဂြိုဟ်သို့၊ ဗိုလ်ခြေဆင်မြင်း၊ လွတ်ကင်းရောဂါ၊ ချမ်းသာသုခ၊ ရောက်ကုန်ကြသော်၊ များလှဗိုလ်ခြေ၊ ပန်းမောပြေမှ၊ မြက်ရေထင်းဟင်း၊ မီတင်းစရာ၊ ပေါများစွာနှင့်၊ သာယာတင့်နှုန်း၊ ဘုမ္မိကုန်းက၊ တပ်ဝန်းချ၍၊ မြို့ပြအနေ၊ ဆင်ခြင်လေသော်၊ ဝေဠုဝန်ကျောင်း၊ တန်ဆောင်းအနေ၊ ရွှေငွေကျောက်ရောင်၊ တောက်လောင်ညီးညီး၊ သီးသီးများစွာ၊ သာယာပေတောင်း၊ စည်ခေါင်းလောင်းနှင့်၊ ကျုံးမြောင်းပြအိုး၊ ခိုနန်းချိုးလျက်၊ မြို့ရိုးပဟိုရ်စင်၊ ရှစ်ပလ္လင်ပြာသာဒ်၊ လျှောက်ပတ်တင့်နှုန်း၊ တောင်ငါးလုံးလည်း၊ ပတ်ကုံးသီဒါ၊ ရေယဉ်ကာလျက်၊ များစွာပြည်သူ၊ အလှူငြိမ့်ညံ၊ စည်ရွှမ်းသံနှင့်၊ ကြက်ပျံမကျ၊ သာယာလှသည်၊ မှိုင်းမြညိုညို၊ ရာဇဂြိုဟ်ကို၊ တဆိုမြှော်ရှု၊ ကာလုတမန်၊ ချီးမွမ်းပြန်၍၊ တဘန်တိုင်းထွာ၊ ဆင်ခြင်ရာလည်း၊ ရွှေလွှာအပ်၍၊ အမတ်တော်များ၊ မြတ်ဘုရားကို၊ သွား၍ပင့်သူ၊ တယောက်လူမျှ၊ မပြုမလာ၊ နေသည့်တာကို၊ ခြင်းရာအရေး၊ မေးမြန်းလို့ငှာ၊ ကာလုဒါလည်း၊ မြှော်ကာတစေ၊ ကြည့်ရှုနေသော်၊ ဖော်ရွေအများ၊ လာကုန်လားနှင့်၊ ဘုရားဝတ်တက်၊ မပျက်စေမြို့၊ သွားပါစို့ဟု၊ နှစ်လို့ခေါ်ကြွေး၊ သားမြေးလက်ဆွဲ၊ တူနွဲ့မောင်မယ်၊ ကိုယ်ဝယ်လျှံမောင်း၊ ဝတ်ကောင်းဆင်ယင်၊ ပွဲပြင်ဆင်၍၊ ယဉ်ယဉ်ကျေးကျေး၊ ဇသောသာ၊ လာကြရာတွင်၊ ကာလုဒါခေါ်၊ အမတ်တော်က၊ ထုတ်ဖော်သံလေး၊

mgyoe.com

mgyoe.com


သိလိုမေးသည်၊ ယဉ်ကျေးပါလှ၊ ကျောင်းအမနှင့်၊ ဘုရားတကာ၊ သဒ္ဒါ
ကြည်ညို၊ မောင်လူပျိုတို့။ ။ ပုဂ္ဂိုလ်များတိ၊ ထေရ်ကြီးပရမေ၊ သုံးလူ့
ဆွေကို၊ အောင်မြေနဂရ၊ ကပိလက၊ မွေးဘသုဒ္ဓေါ်၊ ညှိုးလျော်ဆွတ်ကြွေ၊
လွမ်းလှလေ၍၊ ပင့်စေလွှတ်ငြား၊ မတ်တော်များတို့၊ အားလုံးမပြန်၊
ဘုရားထံမှာ၊ အသံဘယ်သို့၊ ကြားပါမြို့ခဲ့၊ ဤသို့သေချာ၊ မေးလေပါသော်၊
ပင့်လွှာရောက်ရှောင်း၊ မတ်တော်ပေါင်းကို၊ ဦးခေါင်းမုတ်ဆိတ်၊ ပြောင်
ပြောင်ရိတ်၍၊ သပိတ်သင်္ကန်း၊ ဖန်ရည်စွန်းနှင့်၊ ရဟန်းဘိက္ခုဝေ၊ ဖြစ်ကြ
လေပြီ၊ တထွေခုမှာ၊ ကာလုဒါယီ၊ ဘွားဘက်တော်လည်း၊ အဖော်များစွာ၊
တပ်တောင်တာနှင့်၊ ရောက်လာကြောင်းကို၊ ရှင်ကောင်းမြတ်စွာ၊ သိနှင့်
ပါ၍၊ ငါ၏ချစ်သား၊ ရဟန်းများတို့၊ ဘွားဘက်မှန်စွာ၊ ကာလုဒါယီကို၊
မြန်စွာဘမ်း၍၊ ရဟန်းပြုလေ၊ မလွှတ်စေနှင့်၊ ဆွေတော်မျိုးပေါင်း၊
ရောက်လာရှောင်းလည်း၊ ကောင်းရာသာဝက၊ ပြုကုန်ကြလော၊ ဗုဒ္ဓဘုရား၊
မိန့်တော်များကို၊ ထိုကားသေချာ၊ ကြားသိပါခဲ့၊ ခြင်းရာစကား၊ ပြန်ဆိုကြား
သော်၊ ဘွားဘက်တော်ကြီး၊ တတ်သိလိမ္မာ၊ ကာလုဒါယီလည်း၊ မျက်နှာပျက်
ပျက်၊ အခက်ကြုံငြား၊ ပြဿဒါးသည်၊ ပြား၍လည်းလောင်၊ အကျိုးဆောင်
သော်၊ ညောင်ရေလောင်း၍၊ ပတ်ထမ်းတွေ့မည်၊ ထင်လှသည်တည်း၊
မည်သို့ကြောင်းအင်၊ ဖြစ်ချင်တိုင်းဖြစ်၊ နှစ်ရတော့မည်၊ လူတို့ပြည်တွင်၊
ဖြစ်သည်တချက်၊ ပျက်စဉ် တဝ၊ သုခဒုက္ခံ၊ လောကဓံဟု၊ ဓကန်တွေ့ရာ၊
သတ္တဝါမှာ၊ ကံသာအမြဲစ်၊ ဖြစ်သည်ဆော်နှိုး၊ ကောင်းရာကြိုးက၊
ကောင်းကျိုးရ၏၊ ငါ့မှာခုလျှင်၊ ငါ့သခင်ကို၊ ဝင်၍ဖက်ယမ်း၊ ထမ်း၍
ယူမည်၊ သူ့တိုင်းပြည်က၊ စစ်သည် ခန့်တား၊ တို့ဘုရားဟု၊ တိုက်ငြား
လှလည်း၊ ခုခံရဲမက်၊ တို့ကဲ့ထွက်၍၊ စစ်ဘက်ရက၊ သစ္စာခမ္မ၊ ဝီရိယနှင့်၊
စာဂဟူသည်၊ ရန်သူအောင်ရာ၊ ကျမ်း၌လာ၏၊ ပညာမရှိ၊ သတိမဲ့ထွေ၊
ပေါ့လျော့နေမှု၊ ဗိုလ်ခြေသောက်သောက်၊ သူ့ရန်ရောက်သော်၊ မှောက်

mgyoe.com

mgyoe.com


မှောက်မှားမှား၊ ဓားကိုမောင်းတင်၊ လုံ့လျှင်ဆေးခတ်၊ သေနတ်ကိုသွေး၊ ထွက်ပြေးကိုယ်လွတ်၊ ခါးဝတ်ဗလာ၊ စားရိက္ခာလည်း၊ မပါငတ်ကြ၊ အနိစ္စတော၊ ဒုက္ခတောမှာ၊ ကြောက်ကရန်သူ၊ ကပ်လျက်ဟူသို့၊ ထိုတူပုံပြ၊ မရှိရအောင်၊ တို့ကစစ်အင်၊ ဆင်လျှင်ဆင်ချင်း၊ မြင်းလျှင်မြင်းမှူ၊ သတိပြု၍၊ ရုံးစုညီစေ၊ စည်းကြပ်နေဟု၊ သေနင်္ဂဗျူဟာ၊ စစ်အင်္ဂါကို၊ မိန့်မှာပြီးမြောက်၊ ငါတယောက်မှာ၊ မကြောက်သာဘူး၊ မြတ်စွာရှင်တော်၊ စံပျော်ရှိရာ၊ ကျောင်းတော်သာသို့၊ သွားပါအံ့ခု၊ မတ်ကာလုဒါ၊ ကြံတိုင်းသာကို၊ မြတ်စွာဖိနော်၊ ရွှေကျောင်းတော်က၊ ဉာဏ်တော်ရွှေနား၊ သိနှင့်ငြား၍၊ ခစားအရိယာ၊ ရံသဃာတို့၊ သိပါကြစေ၊ မိန့်ကျူးလေခဲ့၊ ကိလေစက်မီး၊ ညီးညီးလောင်ထိန်၊ သုဘကိဏ်ထက်၊ ကဲတက်မြင့်ဘုံ၊ တဏှာဘုံမှ၊ ခြေစုံလည်းကန်၊ မဂ္ဂင်ဉာဏ်နှင့်၊ စန္ဒာလမင်း၊ တိမ်မှောင်လင်းသို့၊ ပြည်မင်းသုခ၊ နိဗ္ဗာန်ရသည်၊ ဓမ္မရှိသေ၊ ဘိက္ခုဝေတို့။ ။ အစိန္တေယျာ၊ ငါမြတ်စွာနှင့်၊ ဘွားခါတူပြီး၊ မတ်ကြီးမဟာ၊ ကာလုဒါသည်၊ သချာတွက်ရေ၊ ပြည့်လေသမျှ၊ ဒါနသီလာ၊ ဘာဝနာနှင့်၊ ခုမှာဘဝ၊ အဆုံးကျ၍၊ သုခနိဗ္ဗာန်၊ ရချိန်တန်ပြီ၊ ငါ့ထံထုတ်ချောက်၊ ခုရောက်လိမ့်မည်၊ တာရှည်မထား၊ တံခါးကိုပိတ်၊ ခေါင်းရိတ်ချက်ခြင်း၊ သဃာတွင်းသို့၊ သွင်းကုန်ကြလေ၊ ဘိက္ခုဝေတို့၊ ရွှေအာဏာမြတ်၊ မိန့်တော်အပ်၍၊ စည်းကြပ်သဃာ၊ နေကြရာကို၊ စိတ်မှာမသိ၊ မတ်ကြီးမဟာ၊ ကာလုဒါလည်း၊ လာ၍ရောက်သော်၊ လက်မြှောက်ညွတ်တွား၊ ဘုရားရှေ့ခွင်၊ ဝင်၍ဦးနှိမ်၊ အစိန္တိတံ၊ ဂုဏ်အနန္တနှင့်၊ မကြံသင့်အပ်၊ မြတ်ထက်မြတ်ငြား၊ မြတ်ဘုရားကို၊ ပွေ့ငြားဖက်ယမ်း၊ ထမ်း၍ယူမည်၊ ကြံသည်စိတ်ထား၊ မဝံ့ငြားဘူး၊ ဘွားဘက်မဟာ၊ ကာလုဒါလည်း၊ ရာဇာမင်းကျော်၊ ဘသုဒ္ဓေါ်က၊ သားတော်ဝမ်းဝင်၊ မြတ်ချစ်ရှင်ကို၊ ဖူးချင်ပါလှ၊ မျက်ရည်ကျသည်၊ လွမ်းလှသည်တာ၊ ရွှေပေစာကို၊ ဘတ်ကာရှိသေ၊ လျှောက်ထားလေခဲ့၊

mgyoe.com

mgyoe.com


ရွှေစင်ငွေရည်၊ ဖန်ကြည်လျှံထွန်း၊ အကျွန်းကျွန်း၏၊ ဦးစွန်းဇကန်၊ မှန်ကင်းမှန်သည်၊ နိဗ္ဗာန်ကူးဆိပ်၊ ဇမ္ဗူဒိပ်ဟု၊ နိမိတ်ရွှေကြာ၊ မင်္ဂလာနှင့်၊ မဟာဗောဓိ၊ မဏ္ဍိုင်ချိသည်၊ မဇ္ဈိမလှိုင်း၊ ဆဲ့ခြောက်တိုင်းတွင်၊ သမိုင်းပုံချီ၊ သာကီမျိုးဟု၊ တန်ခိုးထွန်းပ၊ ကျော်ပေါက်ပြသည်၊ ကပိလမည်၊ နေတော်ပြည်က၊ မွေးဘသုဒ္ဓေါ်၊ မင်းမြတ်ကျော်နှင့်၊ ထွေးတော် ဂေါတမီ၊ ဒေဝီယသော်၊ ရာဟုဘော်တို့၊ မြော်ခေါ်လွမ်းတာ၊ လွမ်းရောဂါနှင့်၊ ရေစာမဝင်၊ ဘုံနန်းခွင်ဝယ်၊ ပူပင်ကြီးစွာ၊ ရှိကြောင်းလျှာကို၊ ဆက်စာလိပ်ရွှေ၊ သဝဏ်ခွေနှင့်၊ ရှိသေလိမ္မာ၊ ကာလုဒါကို၊ ရွှေလွှာပါး၍၊ လျှောက်ထားလိုက်ပါသည်၊ မကိုဋ်ရှကယ်စိန္တေ၊ သားဘုန်းဝေ။ ။ နန်းနေမယ်တော်၊ နတ်ရွာပျော်လည်း၊ သားတော်သုံးလူ့၊ သည်တခုကို၊ အားပြု၍လျှင်၊ မွေးဘခင်မှာ၊ ရွှေစင်ရွှေနှစ်၊ ချစ်သည်အလှိုင်း၊ ကပိတိုင်းမှာ၊ ကသိဏ်းအတူ၊ နန်းသုံးဆူထက်၊ နေသူရကန်၊ လအလျှံသို့၊ မောင်နှံမကွာ၊ စံပျော်ရာက၊ ထွက်ခါကြွလေ၊ သားဘုန်းဝေကို၊ မွေးမေအလား၊ ရင်ခွင်ထား၍၊ ပိုက်ဖျားကျူးကျော်၊ မိထွေးတော်နှင့်၊ ယသော်ရင်ကျေး၊ ရာဟုမြေးတို့၊ ရေဝေးကြာသွင်၊ စားမဝင်နှင့်၊ ဘဝင်လောင်ကျွမ်း၊ မျက်ရည်ရွှန်းသည်၊ လွမ်းလှလေခဲ့၊ မွေးဘေသုဒ္ဓေါ်၊ မင်းမှာသော်လည်း၊ သားတော်ရုပ်သွင်၊ နန်းပလ္လင်ဝယ်၊ ထင်လာရေးရေး၊ မြင်တိုင်းဆွေး၍၊ စက်မေ့မပျော်၊ နေလမြော်သို့၊ ပွဲတော်မပြင်၊ မသေခင်ကို၊ ဝမ်းဝင်ငါ့သား၊ ဘုရားမျက်နှာ၊ ဖူးပါချင်လှ၊ လွမ်းနာရ၍၊ မွေးဘသုဒ္ဓေါ်၊ မိထွေးတော်နှင့်၊ ယသော်ရာဟု၊ ဗိုလ်ထုများစွာ၊ ဆွေတကာတို့၊ ချမ်းသာသုခ၊ သက်သာရအောင်၊ ပေါက္ခရဒေဝါ၊ သွန်းဖြန်းလာသို့၊ မြတ်စွာသားကို၊ ဘွားသော်မကြာ၊ မာယာမယ်ကောင်း၊ နတ်ရွာပြောင်းသည်၊ ဦးခေါင်းချလေ၊ ကပိမြေကို၊ လွဲသွေသင့်ဘူး၊ ဂုဏ်ရောင်မြူးသည်၊ သားဦးမြတ်စွာ၊ ကြွခဲ့ပါဟု၊ လွမ်းဗျာဒုက္ခ၊ ရွှေလွှာသသည်။ ။ မွေးဘသုဒ္ဓေါ် အကြောင်းတည်း။

mgyoe.com

mgyoe.com


(၄) ဤသို့ သေသတ်၊ ရွှေလွှာဘတ်၍၊ မတ်ကာလုဒါ၊ လျှောက်သောခါလျှင်၊ များစွာရံသောင်း၊ ရဟန်းပေါင်းတို့၊ မတ်ကောင်းမဟာ၊ ကာလုဒါကို၊ မြန်စွာဘမ်း၍၊ ရဟန်းမပြု၊ နေသည်မှုကို၊ သုံးလူ့ရှင်တော်၊ ကျူးရင့်ခေါ်သည်၊ ရေသော်များလှ၊ သံသာရဟု၊ အစမထင်၊ ဆုံးမမြင်အောင်၊ ထောင်ငါးရာခြုံ၊ တဏှာဘုံကို၊ ကြောက်တုံစွာဘိ၊ လုံ့လချို၍၊ သတိပဋ္ဌာ၊ ဘာဝနာနှင့်၊ ချမ်းသာအမြိုက်၊ မဂ်ဖိုလ်ဆိုက်သည်၊ အမိုက်မဆန်၊ အရဟန်တို့၊ တမန်ခန့်ထား၊ ရောက်ငြားတုံလာ၊ ကာလုဒါကို၊ ဘယ်ဌာကြောင်းလမ်း၊ မိစွာဘမ်း၍၊ ရဟန်းမပြု၊ နေသည်မှုကို၊ သဗ္ဗညု မြတ်စွာ၊ မိန့်သောခါလျှင်၊ သဃ်ာတော်ပေါင်း၊ သောင်းသောင်းခြိမ့်ညံ၊ ဝန်းရံယှူပြီး၊ မတ်ကြီးမဟာ၊ ကာလုဒါကို၊ သာသနာတွင်း၊ သွင်းမြဲထုံးတမ်း၊ ဝိနည်းကျမ်းနှင့်၊ ရဟန်းပြုသော်၊ ကာလုမတ်ကြီး၊ ငါးစီးဆင်ပြောင်၊ ဆောင်နိုင်ခွန်အား၊ ရှိတုံငြားလည်း၊ ဘုရားအာဏာ၊ ထေရ်သဃ်ာကို၊ လှန်ကာဆိုင်ပြိုင်၊ မတတ်နိုင်ဘူး၊ ဂလိုင်လှိုက်ဖို၊ မျက်ရည်ရှိနှင့်၊ မျောက်အိုအလား၊ တူငြားတုံစွာ၊ ကာလုဒါလည်း၊ ငယ်ခါချစ်ဆွေ၊ မျိုးအိမ်နေနှင့်၊ လွဲလေငဲ့နော်၊ မြှော်ခေါ်လွမ်းဆွတ်၊ တတွတ်တွတ်နှင့်၊ ရွှင်းချွတ်ပြန်လှန်၊ ဆိုသည်ဟန်ကား၊ သဃ်ာများတို့၊ ဘွားဘက်မှန်စွာ၊ စိန္တေယျာကာ၊ ငယ်ခါကာလ၊ ကစားကြနှယ်၊ ကျီစယ်၍သာ၊ ဆိုသည်တာကို၊ သဃ်ာတို့ဝယ်၊ တကယ်ဘမ်းပြီး၊ သင်္ကန်းဆည်းသည်၊ မီးထုပ်တင်လူ၊ မိသောတူသို့၊ ခေါင်းမူပြောင်လင်း၊ ထမင်းငတ်စွာ၊ ပင်ပန်းပါခဲ့၊ ရာဇာမင်းမြတ်၊ လွန်ယုံမှတ်၍၊ မယ်တော်ရောက်ရာ၊ သာဓောကြဲတတ်၊ ပြည်စွန်လွှတ်သည်၊ အထွတ်စမွယ်၊ ထီးစလွယ်နှင့်၊ အံ့ဘွယ်ထူးခြား၊ ချီးမြှောက်စားသည်၊ ရွှေသားတမာ၊ ချပ်ကာဝတ်လုံ၊ အလုံးစုံကို၊ အကုန်မြန်စွာ၊ ပေးပါကြနော်၊ သဃ်ာတော်တို့၊ ဟာစ်ကျော်ဖန်ဖန်၊ တောင်းပြန်တုံငြား၊ သဃ်ာများတို့၊ စကားတိတ်ဆိတ်၊ နှုတ်ပိတ်၍သာ၊ နေကြပါသော်၊

mgyoe.com

mgyoe.com


သင်္ဃာအတွင်း၊ သွင်းဝင်ရောက်ခါ၊ ကာလုဒါလည်း၊ သည်မှာအခွင့်၊ မသင့်ချေပါ။ ချင့်တိုင်းထွာ၍၊ ငါ၏ဝတ်ကို၊ ခွင့်လွှတ်ချမ်းသာ၊ ပေးနိုင်ရာသည်၊ မြတ်စွာဘုရား၊ ရှေ့တော်ပါးသို့၊ ဝင်သွားပြီးခါ၊ လျှောက်သည်မှာမူ၊ မြတ်စွာသုံးလူ့၊ သဗ္ဗညု။ ။ ရုံးစုများစွာ၊ သင်္ဃာတို့ကား၊ ကျွန်ုပ်အားကို၊ တံခါးကိုပိတ်၊ ခေါင်းရိတ်တုံပြီး၊ သင်္ကန်းဆည်း၍၊ မီးထုပ်တင်လူ၊ ဘမ်းယူသောလား၊ ပြသည်များကို၊ တရားရှိရာ၊ စီရင်ကာဖြင့်၊ အောင်ချာနန်းမ၊ ကပိလသို့၊ ပြန်ရပါကြောင်း၊ အခွင့်တောင်းသော်၊ ဂုဏ်ပေါင်းပရမေ၊ အစိန္တေလည်း၊ နှုတ်ချေမပြန်၊ ဉာဏ်တော်ကြွန္ဓေ၊ ဆိတ်ဆိတ်နေ၍။ ပုဗ္ဗေသဉာဏ်၊ ဆင်ခြင်ပြန်သည်၊ သံယောတဆယ်၊ ငြိတွယ်တဏှာ၊ ကိလေသာနှင့်၊ လူ့ရွာပျော်မှီး၊ မတ်ကြီးမဟာ၊ ကာလုဒါသည်၊ ဟေမာတောခြေ၊ ဆောင်သွားစေမှ၊ ကိလေကင်းစင်၊ နိဗ္ဗာန်မြင်လိမ့်၊ ဆင်ခြင်သိသော်၊ ရွှေနှုတ်ဖော်ခဲ့၊ သူတော်အကျင့်၊ အားရှစ်ဆင့်ဖြင့်၊ မဂ်နှင့်ဖိုလ်ဉာဏ်၊ ဈာန်မှန်တရား၊ အာရုံထားသည်၊ ငါ့အားမြဲပျော်၊ သားသူတော်တို့။ ။ ခုသော်မြန်စွာ၊ ကာလုဒါကို၊ ဟေမာမြိုင်ခြေ၊ ဆောင်သွားလေတော့၊ အစိန္တေယျော်၊ ရွှေခွန်းတော်ကို၊ ထိပ်ပေါ်ဆင်ကာ၊ ရဟန္တာတို့၊ ကာလုဒါကို၊ ပါ၍လိုက်အောင်၊ တန်ခိုးဆောင်၍၊ မိုဃ်းခေါင်တိမ်လမ်း၊ တိမ်တိုက်ကြမ်းသို့၊ ရဟန်းများစွာ၊ ပျံသွားပါ၍၊ မှိုင်းပြာမှောင်မှောင်၊ တောတောင်ဂနိုင်၊ မြိုင်ကကာဆီး၊ စမ်းကြီးစိမ့်ကြီး၊ စုံကြီးပိတ်ပိတ်၊ ကရဝိက်ကြိုးကြာ၊ မြူးပျော်ကာနှင့်၊ အာသာဝတီ၊ ကတ္တရီဂမုံး၊ ကြက်ရုံးမဥ္ဇူ။ ထုံကြူလှိုင်စွာ၊ ဟောဝန်ချာသို့၊ သာယာသုခ၊ ရောက်တုံကြသော်၊ ဈာန်ရမြေလျှိုး၊ တန်ခိုးကြီးစွာ၊ ထေရ်သင်္ဃာတို့၊ ကာလုဒါကို၊ ဤသို့ဆို၏၊ ဗိုလ်ခြေဆင်မြင်း၊ မှန်ကင်းနန်းဆောင်၊ မြားမြောင်ရတနာ၊ ဥစ္စာရွှေငွေ၊ လူ့ရပ်မြေကို၊ ကိလေတဏှာ၊ လွန်ချမ်းသာဟု၊ အာရုံပြုသည်၊ ကာလုမည်တွင်၊ အိုင်ငါ့ရှင်။ ။ သင်တို့ငါတို့၊

mgyoe.com

mgyoe.com


တောသို့ခုမှာ၊ ရောက်၍လာပြီ၊ ဘာသာကိုယ်င၊ အာဟာရများ၊ ရှာကြံစား လော၊ စကားနိမိတ်၊ အရိပ်ပြကာ၊ ပြော၍သာလျှင်၊ သင်္ဃာတော်များ၊ မိုးဖျားမြေလျှိုး၊ ချာန်တန်ခိုးနှင့်၊ ဖြိုးဖြိုးဖျဖျ၊ ပျောက်သွားကြသော်၊ စုံကပိတ်ပိတ်၊ ကရဝိက်ကျူးညံ၊ ချေဟောက်သံနှင့်၊ တောင်ရံမြိုင်ကြီး၊ ဆီးခါမှိုင်းမှောင်၊ တောနက်ချောင်ဝယ်၊ တောင်လယ်မြောက်ပတ်၊ ရောက်တတ်ရာရာ၊ ကာလုဒါလည်း၊ ဆွမ်းဆာ၍ငတ်၊ ချွေးဖတ်ဖတ်နှင့်၊ ရှစ်ရပ်ဝန်းကျင်၊ မြော်တိုင်းငယ်မြင်သည်၊ မင်းလွင်ကမှိုင်း၊ မြူဆိုင်းဆိုင်း နှင့်၊ မှင်လှိုင်းကြုပ်ကြုပ်၊ မိုးတိမ်ဖုတ်လည်း၊ ရွာရပ်ကယ်ငြိုးငြိမ့်၊ ချိုးချိုး ခြိမ့်သည်၊ လိမ့်သံချုန်းသံ၊ ဆော်ရွမ်းသံနှင့်၊ လေပြန်လှုံဆော်၊ စုံမြိုင်ပေါ် ဝယ်၊ အကျော်ဒန့်စကူး၊ ဆပ်သဖူးမိုးဆွေ၊ သင်းခွေကုံ့ကော်၊ စွယ်တော်ချ ယား၊ စကားရွှေဝါ၊ ဇလတ္တာတို့၊ ခါမှီအကြိုက်၊ ရာသီလိုက်၍၊ ငုံကိုက် ပင်တိုင်း၊ ဆိုင်းဆိုင်းစွင့်စွင့်၊ ပွင့်ကြဝေဝေ၊ တောအနေဝယ်၊ ဆွတ်ကြွေ လွမ်းဗျာ၊ ကာလုဒါလည်း၊ မြတ်စွာဇိနော်၊ ကျောင်းတော်ဝိဟာ၊ သည် ဆီမှာဟု၊ ပြန်လာရည်စူး၊ မြိုင်ရံဦးဝယ်၊ ကူးကာရှက်သန်း၊ ရွှေနွယ်တန်း နှင့်၊ နှင်းပန်းလောင်ပန်း၊ လန်းလန်းပွင့်မှုံ၊ မြတ်လေးရုံကြီး၊ ရဂုံဆီးသည်၊ တောင်ကြီးဖီလာ၊ စုံပိတ်ကာ၍၊ လွန်ဗျာကစော၊ မြိုင်တကျောဝယ်၊ တောတောင်စခန်း၊ မြော်တိုင်းပန်းသည်၊ လမ်းမသိနှင့်၊ စိတ်ရှိတိုင်းသာ၊ လာခဲ့ပါသော်၊ လက်ယာရှေ့တောင်၊ ရှိုကြီးချောင်က၊ မြားမြောင်ငှက်သံ၊ ကြားပြန်၍လျှင်၊ စိတ်ဆင်ခြင်သော်၊ သည်တွင်အမှန်၊ ကြာငါးတန်နှင့်၊ ရေကန်ကြီးစွာ၊ ရှိ၍သာလျှင်၊ များစွာငှက်ပုံ၊ ခိုလှုံကြော်ငြာ၊ နေကြရာဟု၊ စိတ်မှာကြံအောင်း၊ လာခဲ့ရှောင်းသော်၊ သောင်းသောင်းကြော်ကျူး၊ ဖော်ရွှေမြူးသည်၊ ကြည်နူးစရာ၊ တောလုံးညာ၍၊ တင်သာမြစ်ထွေး၊ ရေကျေးရေကြက်၊ စက္ကဝက်လွန်းကြင်၊ လည်နွဲ့တင်နှင့်၊ ရေတွင်မြူးပျံ၊ ဝတ်ဆံဆွတ်ချိ၊ ကြာနီကြာညို၊ ကန်တခိုမှာ၊ မှိုနားတိုပုဏ္ဏာရိက်၊ တံဆိပ်

mgyoe.com

mgyoe.com



ရွှေကြာ၊ ပဒုမ္မာတို့၊ မုံအာကြိုင်သင်း၊ လေချိုညှင်းသော်၊ အိုင်မင်းမန္တာ၊ ကုဏ္ဍာလာသို့၊ သီတာမြလျှမ်း၊ ရေတင်ကျမ်းနှင့်၊ ကူးသမ်းပျော်ပါး၊ ရွှေငါးငွေငါး၊ ကြာစွယ်စား၍၊ မြင်ငြားသောခါ၊ ကာလုဒါလည်း၊ ကြင်နာကြည်ဖြူ၊ ဆွေအိမ်သူနှင့်၊ အတူပျော်ပါး၊ ရေကန်များမှာ၊ ကစားချင်စွာ၊ ထိုကလာသော်၊ မိလ္လာတိမ်လှိုင်း၊ မြူဆိုင်းဆိုင်းနှင့်၊ တောင်မှိုင်းညိုကြီး၊ ဖီလာဆီး၍၊ စီးသွယ်ကျသွန်၊ ရေတံခွန်နှင့်၊ သူမွန်ရသေ့၊ ပျော်မွေ့ကျိန်းရန်၊ သိမ်စကြံကာ၊ ပန်းမှန်ဝေဝေ၊ လေမောင်းခြွေ၍၊ သင်းခွေသစ်ကျား၊ ဖန်ခါးခံစတ်။ သနတ်သစ်အယ်၊ တရုပ်တယ်နရွဲ၊ ပိန္နဲသရက်၊ ချိုမျက်ဩဇာ၊ တောလုံးသာ၍၊ ကာလု ဒါခေါ်၊ ဘွားဘက်တော်လည်း၊ ရှုမျှော်တိုင်းသည်၊ လွမ်းတို့စည်၍၊ မဆည်နိုင်အောင်၊ ရှိုမြိုင်ချောင်က၊ ဖိုးခေါင်ရင့်ညောင်း၊ တောင်နှာမောင်းဝယ်၊ ရွှေဒေါင်းကျော်ဟိုး၊ ဇီ[illegible]ဇိုဝ်းနှင့်၊ ရွှေချိုးသံချို၊ ချစ်တင်းဆိုသည်။ ။ လွမ်းဖိုမပြေဆွတ်နူးတည်း။

(၅) ကြည်နူးလှစွာ၊ ကာလုဒါလည်း၊ စုံခြာမြိုင်ခြေ၊ ဟောဝန်ဗွေဝယ်၊ တောခြေတောင်လျှိုး၊ စိတ်ရှိတိုး၍၊ ကြိုးကြိုးစားစား၊ ဘုရားရှိရာ၊ ပြန်ရောက်လာက၊ ကျောင်းသာဝတွင်၊ တောကပြစ်သွား၊ ရဟန်းများနှင့်၊ တွေ့ငြားသောခါ၊ ကာလုဒါလည်း၊ သဃာ်တို့ကို၊ ဤသို့ဆို၏၊ အိုဘဲ့ရှင်မွန်၊ ဆိုစံလွန်တို့။ ။ အကျွန်ုပ်အား၊ သစ်ကျားထူပြီး၊ လူမနီးသည့်၊ တောကြီးဆိတ်စွာ၊ ပြစ်သွားပါ၍၊ ပူဆာလောင်ပြင်း၊ တယောက်ချင်းလျှင်၊ ဆွမ်းဟင်းလည်းငတ်၊ သေအောင်သတ်သို့၊ ပြုတတ်ကြလေ၊ မသေ၍သာ၊ တွေ့ပြန်ပါခဲ့၊ အာကရင်တော်၊ ဟိုးဟိုးကျော်တို့၊ ကိုယ်တော်တို့မှာ၊ လိုရာတန်ခိုး၊ မိုးပေါ်တိမ်ကြား၊ ပျံနိုင်ငြားအောင်။ ပြဒါးဝိဇ္ဇာ၊ ထိုပညာကို၊ ပေးပါသည်လား၊ ကျွန်ုပ်အားကို၊ သင်ကြားပနော်၊ ရဟန်းတော်တို့။ ။ ထုတ်ဖော်သာယာ၊ ကာလုဒါကား၊ ဈာန်တရားကို၊ တောင်းငြားသောခါ၊ ရဟန္တာတို့၊ ချိုသာစကား၊ ပြန်ဆိုကြား၏။ နားစိုက်

mgyoe.com

mgyoe.com


စိုက်နှာ၊ ကာလုဒါ။ ။ ရတနာသုံးပါး၊ မြတ်ဆုံးထားသည်၊ တို့ကား
ရဟန္တာ၊ ကြီးစွာဣဒ္ဓိ၊ တန်ခိုးရှိ၍၊ များဘိသတ္တဝါ၊ ဝိနေ္ဓာခိုရ်များ၊ ငါတို့
အားကို၊ ညွတ်တွားဦးခိုက်၊ ရှိခိုးထိုက်၍၊ မိုးဦးပုံကြွ၊ ဈာန်ကိုရအောင်၊
ဘယ်ကဝိနေ္ဓာ၊ ရဟန္တာကို၊ ပေးရာထုံးတမ်း၊ ကျမ်းဦးမလာ၊ ကာလုဒါ။
မြတ်စွာဘုရား၊ ဟောကြားဓမ္မ၊ ဝိနယနှင့်၊ သမထကမ္မဋ္ဌာန်း၊ စီးဖြန်း
တုံလျက်၊ ကိုယ်အသက်သို့၊ မပျက်ရအောင်၊ ထိမ်းရွက်ဆောင်က၊
မိုးခေါင်မြေလျှိုး၊ တန်ခိုးကြီးစွာ၊ ဈာန်သမာနှင့်၊ ချမ်းသာနှစ်ခြိုက်၊
နိဗ္ဗာန်ဆိုက်၍၊ နှစ်ခြိုက်ချိုသာ၊ ရဟန္တာများ၊ ပြန်ဆိုကြားသော်၊ ကောင်း
သားအာရုံ၊ ကြာပဒုံကို၊ ပဒ္မုန်ဒေဝ၊ ရွှာသွန်းချသို့၊ စိတ်ကကြည်စွာ၊
ကာလုဒါလည်း၊ မကြာလျင်လျား၊ ဘုရားရှေ့ခွင်၊ ဝင်၍ညွှတ်တွား၊
လျှောက်ပန်ကြားသည်၊ ဘွားဘက်စိန္တေ၊ မြတ်ပရမေ။ ။ မွေးဘေမွေးသည်၊
ငယ်သွေးငယ်က၊ ဘွားကြတူဘက်၊ မြပုခက်မှာ၊ လက်ဖွဲ့တော်ကျွန်၊
အလွန်မှန်စွာ၊ ဖြစ်လျက်သာနှင့်၊ အာကာမိုးပျံ၊ တန်ခိုးဈာန်ကို၊ ခြွင်းချန်
၍သာ၊ မပေးပါခဲ့၊ ခုမှာပေါ်ရှိ၊ မောဂ္ဂလိများစွာ၊ ထေရ်သဃ်ာကို၊
ဈာန်ဝါပေးပြား၊ မိုးတိမ်ကြားသို့၊ ပျံသွားနိုင်ကြ၊ ကိုယ်စီရသည်၊ ဘုရား
ကျွန်မှာ၊ ဝမ်းနည်းပါခဲ့၊ စဉ်ကာစဉ်ကာ၊ လျှောက်ဆိုကာနှင့်၊ ကာလုဒါ
ကား၊ ဈာန်တရားကို၊ တောင်းပြားသောအခါ၊ မြတ်စွာဘုရား၊ မိန့်တော်
ကြား၏၊ ဘွားဘက်မှန်မူ၊ မတ်ကာလု။ ။ ယခုငါကား၊ လေးပါးဂတိ၊
မငြိကင်းကွာ၊ လင်းပညာနှင့်၊ သစ္စာအနက်၊ ဆဲ့ခြောက်ချက်ကို၊
ခွဲဝှက်သိပြား၊ တရားကုန်စင်၊ ခပ်သိမ်းမြင်၍၊ ဗုဒ္ဓင်ဖိနှ၊ ဘွဲ့တော်ရသည်၊
ဓမ္မသာမိ၊ ဖြစ်ဘိတုံပြား၊ ဝေနေအားကို၊ မခြားမေတ္တာ၊ မျှညီစွာ၏၊
ကာလုဘွားဘက်၊ ငါ့နှုတ်နက်ကို၊ ဆောင်ရွက်နှစ်ခြိုက်၊ နှလုံးပိုက်လော၊
အမိုက်ဘုံမှာ၊ အဝိဇ္ဇာနှင့်၊ တဏှာမသွေ၊ ဒွေမူလေဖြင့်၊ လူ့မြေဘုံမှာ၊
ဖြစ်လာတုံဘိ၊ ဒွိဟိတ်တို့မှာ၊ မဟာဝိပါက၊ ဉာဏသမ္ပယုတ်၊ အဟုတ်

mgyoe.com

mgyoe.com


မှန်မှု၊ စိတ်လေးခုတွင်၊ တခုခုသာ၊ ကြိုက်ရာရာနှင့်၊ ဇာတိသန္ဓေ၊ တည်နေသောခါ၊ အတူပါသည့်၊ လေးဖြာသောဓာတ်၊ ကပ်လျက်မရဏာ၊ ထိုခြင်းရာကြောင့်၊ သေရာရွေ့တည်၊ စူးရူးရည်လျက်၊ ငါးမည်ခန္ဓာ၊ နာမ်အာယတန၊ အနိစ္စကို၊ နိစ္စမြဲပင်၊ မှတ်ထင်နှလုံး၊ အဆုံးတရား၊ လားလားမမြင်၊ ပုထုဇဉ်တို့၊ နင်နင်ငါငါ၊ ဣဿာမစ္ဆရိ၊ ဒေါသဘိ၍၊ ဇာတိပုညာ၊ ဂုဏ်မာနဖြင့်၊ ကြုံးပထောင်လွှား၊ မျိုးလေးပါးတို့၊ မှောက်မှားကြူးလွန်၊ တိုသည်ဝန်တို၊ အလွန်ကြောက်စွာ၊ ဆင်ခြင်ရာသည်၊ ခန္ဓာငါးပါး၊ ယန္တရားသို့၊ ရှည့်လျားမကြာ၊ အနိစ္စာဝတ၊ သင်္ခါရဟု၊ သမထစီးဖြန်း၊ ကမ္မဋ္ဌာန်းရှုရှု၊ ရိုးစုသားပုံ၊ ဖြစ်ကုန်ပျက်ရာ၊ မြေသြဇာဟု၊ မှန်စွာအနတ္တ၊ ကသိုဏ်းကျမှု၊ လေးဝမဂ်ဉာဏ်၊ ဖိုလ်လေးတန်နှင့်၊ ဈာန်မွန်တရား၊ ရလေငြားသည်၊ ချစ်သားမဟာ၊ ကာလုဒါယ်၊ မြတ်စွာသုံးလူ့၊ သဗ္ဗညုသည်၊ ကရုဏာဉာဏ်ရေး၊ ကမ္မဋ္ဌာန်းပေးသော်၊ ရှေးပါရမီ၊ စုံစီပြည့်ဝ၊ ကျွတ်ချိန်ကျလာ၊ ကာလုဒါယ်သည်း၊ သော်တာလမင်း၊ တိမ်မှောင်လင်းသို့၊ လွတ်ကင်းတဏှာ၊ ရဟန္တာပင်၊ နိဗ္ဗာန်မြင်၏၊ ဈာန်ယာဉ်ရစွာ၊ ကာလုဒါယ်သည်း၊ လာရင်းကသော်၊ မင်းသုဒ္ဓေါဒနှင့်၊ စေ့ဆော်သေချာ၊ ပြန်ခဲ့ပါမည်၊ သစ္စာကတိ၊ ချိန်းချက်ရှိ၍၊ ဝီထိမာသ၊ ကာလမြင်မြော်၊ နေသော်မသင့်၊ အခွင့်ခွင့်ကို၊ ထောက်ချင့်မြော်၍၊ ဘွားဘက်မှန်စွာ၊ ကာလုဒါယ်သည်း၊ မြတ်စွာဘုရား၊ ရှေ့တော်ပါးတွင်၊ ညွတ်တွားဝင်၍၊ အဥ္ဇလီ ရိုကျိုး၊ လက်စုံမိုးလျက်၊ မြတ်နိုးပူဇော်၊ ဘသုဒ္ဓေါ်က၊ သားဗုဒ္ဓကို၊ လျှောက်ခပင့်ရာ၊ အလွှာရွှေပေ၊ စေ့ရေဘတ်ကာ၊ ပင့်ပါတော့မည်၊ ဖြစ်လေသည်ကြောင့်၊ ဆယ်ရည်စံသား၊ ရွှေခွက်နားသို့၊ ကြားရုံနှင့်ပင်၊ မြတ်ဗုဒ္ဓင်ကို၊ မျက်မြင်ညွှတ်နူး၊ ဖူးရသည်လို၊ ဉာဏ်ရေးဆိုသည်။ ။ ကြည်ညိုနှစ်သိမ့်စေကြောင်းတည်း။

(၆) ပုဂ္ဂိုလ်အများ၊ ဝါကရားဟု၊ များစွာတို့ထိပ်၊ စိုးနိုပ်ပိုင်တုံ၊

mgyoe.com

mgyoe.com


အံ့မကုန်သည်၊ ကိုးဂုဏ်ကျော်ချီး၊ ပုဂ္ဂိုလ်ထီးဟု၊ ထေရ်ကြီးပရမေ၊
မြတ်စိန္တေ။ ။ တိမ်ခြေငယ်ညို့မှိုင်း၊ မြူဆိုင်းဆိုင်းနှင့်၊ ဘုံတိုင်းဌာန၊
ကပိလက၊ မွေးဘသုဒ္ဓေါ၊ ထွေးတော်မဟာသီ၊ ဂေါတမီနှင့်၊ ဒေဝီယသော်၊
သားတော်ရတနာ၊ ရာဟုလာတို့၊ မြတ်စွာဇိနော်၊ သုံးလူ့ဘော်ကို၊ မျှော်ခေါ်
ယူတ၊ လွမ်းဗျာယနှင့်၊ စိတ္တဇရောဂါ၊ တာရှည်လှသည်၊ သို့ဖြစ်သည်
ကြောင့်၊ ရွှေပြည်နဂရ၊ ကပိလသို့၊ ကြွပသခင်၊ ရက်မငင်နှင့်၊ ပူပင်
ညှိုးလျော်၊ ဘသုဒ္ဓေါလည်း၊ ပွဲတော်မပြင်၊ စားမဝင်နှင့်၊ စက်လျှင်
မပျော်၊ နန်းမြင့်ပေါ်က၊ သားတော်ကိုလျှင်၊ မြင်ချင်ယူတမ်း၊ မျက်ရည်
လျှမ်းသည်၊ စမ်းသို့ဖြာဖြာ၊ လွမ်းရောဂါလည်း၊ ထပ်ကာပွားများ၊ သား
ဘုရားကို၊ သွား၍ပင့်သည်၊ ရက်များရှည်ခဲ့၊ မဆည်တတ်အား၊ လွမ်းတာ
လျား၍၊ သားတော်ဘုန်းမောက်၊ တမိုးသောက်လည်း၊ ရောက်တော့မည်
သွင်၊ တနေဝင်လည်း၊ မြင်တော်မူနိုး၊ မျှော်ကိုးမလတ်၊ ဘခင်မြတ်မှာ၊
သပ်ခါရွှေရင်၊ ကွဲလုပင်နှင့်၊ ဘဝလောင်ကျွမ်း၊ မျက်ရည်သွန်းသည်၊
လွမ်းလှလေခဲ့၊ ပရမေဘုန်းတူ၊ ကျွန်တော်မူပ၊ ထွေးဖြူသာကီ၊ ဂေါတမီ
နှင့်၊ ဒေဝီယသော်၊ ဘသုဒ္ဓေါတို့၊ သားတော်ကိုယ်စား၊ ရည်မှတ်ငြား၍၊
ကိုယ်ပွားရုပ်သွင်၊ နန်းဦးကင်ဝယ်၊ ရွှေစင်ပုံပြု၊ ဖူးမျှော်ရှုလည်း၊ လွမ်းမှု
မလပ်၊ ထပ်ခါဖြာဝေ၊ လွမ်းဆွတ်ကြွေခဲ့၊ ပရမေမြတ်စွာ၊ ရက်ကြာနေ့ရေ၊
မလာနေမူ၊ မွေးဘေနတ်ရွာ၊ ပြောင်းနှင့်ပါ၍၊ တွေ့ရပါဘူး၊ ကျေးဇူးကြီး
စွာ၊ သားရတနာကို၊ ဘွားကာချက်ချင်း၊ မိမင်းမယ်ကောင်း၊ နတ်ရွာ
ပြောင်းသည်၊ ဦးခေါင်းချရာ၊ အောင်ချာနန်းမြေ၊ ချက်တော်ကြွေသည်၊
မင်းနေဌာန၊ ကပိလသို့၊ နေ့လမကြာ၊ ကြွပါကလေ၊ သားစိန္တေ။ ။ ရိုသေ
ဝန္ဒနာ၊ ဦးခိုက်ကာဖြင့်၊ ရွှေလွှာဘတ်၍၊ မတ်ကာလုဒါ၊ ပင့်လျှောက်ခါလျှင်၊
မြတ်စွာမမ္မရာဇ်၊ ရွှေခွန်းလှစ်၍၊ ချစ်သားမဟာ၊ ကာလုဒါ။ ။ ကြီးစွာ
ဂုဏ်အင်၊ မိခင်ဘဘွား၊ သမီးသားကြောင့်၊ ယိုငြားမျက်ရည်၊ မဆည်

mgyoe.com

mgyoe.com


ညှိုးခွေ၊ ရှိကောင်းပေဘူး၊ အစိန္တေယျာ၊ ငါမြတ်စွာသည်၊ ငါတယောက်ကို၊ ချမ်းသာလို၍၊ တောကိုထွက်ခါ၊ မဟုတ်စွာတည်း၊ မာတာပိတာ၊ ဉာတတ္ထနှင့်၊ သုံးဝစရိယာ၊ ဝေနေကြာကို၊ ချမ်းသာကယ်တင်၊ နိဗ္ဗာန်ခွင်သို့၊ ဆောင်ချင်တုံဘိ၊ ဉာဏ်တော်ရှိ၍၊ ပဏိဓာနတော၊ ဟောခဲ့အတိတ်၊ သုတ်ပရိတ်တွင်၊ ဒီပင်္ကရာ၊ ခြေရင်းမှာလျှင်၊ ညွှံပျောင်းတွင်က၊ ဗုဒ္ဓင်ဘုရား၊ ဖြစ်ပြေးလိုဘိ၊ လှုံ့လရှိ၍၊ သမတိသ၊ ဒသပါရမီ၊ ငါးလီစွန့်ကြီး၊ ဆိုမပြီးသည်၊ ကျယ်ကြီးကျယ်၍၊ မိပ္ပာယ်မထုတ်၊ သိမ်းခဲ့အုပ်သည်၊ လောကုတ္တရာ၊ ဖိုလ်ချမ်းသာနှင့်၊ မဟာဗုဒ္ဓဟော၊ ပလ္လင်ဗွေထက်၊ ဒေဝပုတ္တံ၊ ပဉ္စမာရ်ကို၊ ဉာဏ်ဝရဇိန်ကြီး၊ အောင်စည်တီး၍၊ မြေကြီးငလျင်၊ ပွဲတင်ဘဝဂ်၊ နှံ့လျက်ကျော်ကြား၊ ဘုရားစင်စစ်၊ ငါလျှင်ဖြစ်သည်၊ သက္ကရာဇ်၌မှာ၊ တရာသုံးခု၊ သားပေါင်းစုသည်၊ ရတုမှိုင်းမှုံ၊ ကဆုန်ပြည့်စက်၊ လဂ်ကား ပြိဿ၊ လစန္ဒရာ၊ ဝိသာခါနှင့်၊ ယှဉ်လာထွန်းပ၊ နေ့ဗုဒ္ဓတွင်၊ ဘုရားရွှေဉာဏ်၊ ရသည်မှန်၏၊ နိုင်ငံတိုင်းကြီး၊ နန်းထီးပြည်တော်၊ ခမည်းတော်နှင့်၊ ယသော်ဆွေလျ၊ သားလှရာဟု၊ ဗိုလ်လူ့ရွှေငွေ၊ ထွေထွေများမြောင်၊ လောဘီဘောင်ကို၊ ငါရှောင်၍သာ၊ ထွက်ခဲ့လာသည်၊ သချ်ာတွက်စစ်၊ ခုနစ်သတ္တာ၊ ကြာလည်းကြာပြီ၊ မာယာမယ်ဘွား၊ နတ်ရွာလား၍၊ သားတော်တခု၊ ငါဘုန်းလူ့ကို၊ ချစ်မှုကြီးစွာ၊ ရာဇာဘခင်၊ ရွှေနန်းခွင်က၊ ဘဝင်ဆွတ်ကြွေ၊ လွမ်းပါပေခဲ့၊ မွေးမေအသွင်၊ ငါ့ကိုခင်၍၊ ရင်ဝယ်ပိုက်ထွေး၊ နို့ရည်ကျွေးသည်၊ မွေးပေသည်သူ၊ ထွေးဖြူဂေါတမီ၊ မဟေသီလည်း၊ စုံစီယူတ၊ ချုံးချုံးချ၍၊ အမကြီးနတ်ရွာ၊ စံသည်မှာကို၊ လွမ်းတာတခြား၊ သားဘုရားကို၊ လွမ်းအားတထွေ၊ နန်းဘုံဗွေက၊ သေချင်အောင်သာ၊ လွမ်းနှင့်ပါခဲ့၊ ငါနှင့်လူသော်၊ ရွှေနန်းပျော်သည်၊ ယသော်မျိုးနွယ်၊ ရာဟုမယ်လည်း၊ ငယ်ချင်းငယ်ချစ်၊ ငယ်ပေါင်းစစ်၍၊ အချစ်မပြယ်၊ ငါဘုန်းကြွယ်ကို၊ ကိုးကွယ်ခိုဝင်၊

mgyoe.com

mgyoe.com


သခင်ပမာ၊ ဆရာအလား၊ မှတ်ယူငြား၍၊ သားရာဟုမေ၊ ငါစိန္တေကို၊ ဆွတ်ကြွေလိုက်လှဲ၊ နှလုံးကွဲမျှ၊ လဲ၍သေချင်၊ လွမ်းထုတင်လိမ့်၊ ဘွား မြင်အဝူ၊ သားရာဟုမှာ၊ ငယ်သူဖြစ်ကာ၊ မထောင်းတာဘူး၊ အောင်ချာ နန်းမ၊ ကပိလသည်၊ မိဘနန်းမြေ၊ တိုင်းချက်ကြွေကို၊ လွဲသွေသင့်ဘူး၊ ကျေးဇူးကြီးအင်၊ သခင်ရှိရာ၊ ငါမြတ်စွာသည်၊ မကြာနေ့ရည်၊ လိုက်ကြွ မည်ကြောင့်၊ ဝန်းလည်များစွာ၊ ရံသဃ်ာနှင့်၊ ကြွရာလမ်းကြောင်း၊ ကောင်းမကောင်းကို၊ ရှုံးပေါင်းသေချာ၊ ကာလုဒါက၊ မြတ်စွာငါ့အား၊ ရာသီများကို၊ ပိုင်းခြားချင့်ထောက်၊ ရွေးချယ်လျှောက်လော၊ ချီးမြှောက် စကား၊ ဘုရားချစ်ရှင်၊ ပဋိညာဉ်ဖြင့်၊ ဘခင်မိဘ၊ စိုးစံကြသည့်၊ တိုင်းမ နေပြည်၊ လိုက်တော့မည်ဟု၊ မိန့်ရည်ပြုသော်၊ ကာလုသဃ်ာ၊ ဆယ်ဟတ္ထာ ကို၊ ရွှက်ကာဦးနှိမ်၊ ပြက္ခဒိန်နှင့်၊ နှိုင်းချိန် ထောက်စာ၊ ပြည်အောင်ချာသို့၊ မြတ်စွာဘုရား၊ ကြွသွားအခင်း၊ ကောင်းသည်ခြင်းကို၊ အရင်းပဋ္ဌမ၊ ဆဲ့နှစ်လကို၊ ပြရမည်တာ၊ ကျယ်လွန်းစွာ၍၊ လောကာလောကီ၊ ဒက္ခာရီကို၊ မချီဉာဏ်အုပ်၊ သိမ်းခဲ့ချုပ်၍၊ ဗုဒ္ဓပရမေ၊ ချက်တော်ကြွေ သည်၊ နန်းမြေတော်ပြန်၊ အချိန့်တန်တွင်၊ မိုဃ်းသံလေသံ၊ တိမ်တိုက်သံနှင့်၊ ခြိမ့်ညံ့ပဋ္ဌင်၊ ဆော်ရွမ်းဆင်၍၊ မင်းလွင်မမှောင်၊ နေရောင်မမြန်း၊ တိမ် စုံတန်းသည်၊ တိမ်ပန်းတောက်ထိန်၊ နေညိုမှိန်နှင့်၊ ပူရှိန့်မချမ်း၊ တောင်စဉ် တန်းဝယ်၊ ပန်းစုံစွင့်စွင့်၊ ပင်လုံးပွင့်၍၊ မြိုင်မင့်သာယာ၊ သည်အခါဝယ်၊ လမ်းတာငြိမ့်ညောင်း၊ ရာသီကောင်း၍၊ တပေါင်းတလ၊ အကျဉ်းပြသည်။ သောတစိမ့်ကြစေကြောင်းတည်း။

(၇) သုံးဘုံလူ့ဆွေ၊ အစိန္တေသည်၊ နှုတ်ရွှေဗျာဒိတ်၊ သုတ်ပရိတ်က၊ ထုတ်ပြခမွှော၊ မိန့်တော်ဟောသည်၊ တောတောင်သာစွ၊ နွေဦးလဟု၊ ဝနပ္ပဂုမ္ဘေ၊ မြူခိုးခွေ၍၊ နွေဂိမ္ဘန်ပြောင်း၊ လေအလှောင်းဝယ်၊ တပေါင်း ခါမှီ၊ မိန်ရာသီကို၊ ပန်းချီဆေးပုံ၊ တိမ်ပန်းစုံတို့၊ ပတ်ခြုံငယ်ဝန်းကျင်၊

mgyoe.com

mgyoe.com


အာကာခွင်လည်း၊ မင်းလွင်ငယ်ဆိုင်း၍၊ တိမ်လှိုင်းကြွေသည်၊ မြေကဝရုံ၊ တောင်စကြံနှင့်၊ စုံကန်တခို၊ စိမ်းလဲ့စို၍၊ မွေးချိုကုံ့ကော်၊ စွယ်တော်အင်ကြင်း၊ မြိုင်လုံးလင်းသည်၊ ဖီမင်းပုံးညက်၊ နှင်းစက်စက်နှင့်၊ ပွင့်ချက်ဖားဖား၊ ခက်ဖျားမလွတ်၊ ပင်လုံးကျွတ်လျှင်၊ ဆွတ်ဆွတ်ပျံ့လှိုင်၊ ထုံသင်းကြိုင်၍၊ ဂနိုင်စုံတွင်း၊ သားပုံခင်းသည်၊ နတ်ညွင်းကျူငြာ၊ တောအတာဝယ်၊ တမာလည်းနှ၊ သိုက်ကျေးဥ၍၊ တောင်သူ့ပလောင်၊ နောက်လွယ်ချောင်နှင့်၊ ခေါင်ရေတလိုက်၊ သူ့အကြိုက်ကို၊ မျိုးစိုက်စူးနှံ၊ ပဇာင်ဝယ်၊ အလျှံညီးညီး၊ ရှုတောမီးနှင့်၊ တောင်ကြီးသုတ်သင်၊ လုပ်ငန်းပြင်သည်၊ လွမ်းကြင်ငှက်ပေါင်း၊ ရွှေဥဒေါင်းတို့၊ ရင့်ညောင်းကျူးကြော်၊ ခင်ရိုးပေါ်က၊ ငှက်တော်ဖိုးခေါင်၊ မဲ့မောင်ဥသြ၊ သံပြိုင်နှောသည်၊ တောတို့ကြက်သရေ၊ ဝတ်မှုံကြွေ၍၊ မြိုင်ခြေအခြယ်၊ သာလွမ်းဘွယ်နှင့်၊ ရေဝယ်ရေဦး၊ ဖက်ဆွတ်မြူးသည်၊ လေဦးတောင်က၊ ပွဲတော်စလည်း၊ ကြက်ဖယမုန်၊ မြလှိုင်းခုံသည်၊ ဖော်စုံမောင်နှံ၊ ရေရိုးဆန်၍၊ ငါးတန်ငါးကြင်း၊ ရွှေတသင်းတို့၊ မြစ်တွင်းမြူးပျော်၊ ဇင်ယော်မြစ်တွေး၊ ချစ်သံလေးနှင့်၊ ရေကျေးရေကြက်၊ စက္ကဝက်ဟာသ်၊ ငှက်တကာလည်း၊ ဘာသာကျူးကြော်၊ မြူးပျော်ကြတုံ၊ ငွေသောင်ခုံဝယ်၊ သဲပုံစေတီ၊ ပွဲတော်ပြီတည်း၊ ရာသီသာလွင်၊ ခါကောင်းတွင်ဝယ်၊ မြို့ပြင်မြို့တွင်း၊ လူခပင်းလည်း၊ လုပ်ခင်းဆောင်တာ၊ လယ်ယာတလင်း၊ ကျီဝင်သွင်း၍၊ ပြီးလျှင်သောခါ၊ ဝမ်းသာစိတ်ရွှင်၊ လှေယာဉ်လှည်းယာဉ်၊ ဝတ်ကောင်းပြင်လျက်၊ သဘင်ဘုရား၊ သွားကြဖူးမည်၊ ကြံစည်၍သာ၊ နေကြပါသည်၊ ကမ္ဘာဦးက၊ သူတို့တသော်၊ လလည်းတပေါင်း၊ ရက်လည်းကောင်း၍၊ ထီးဆောင်းစည်တီး၊ မင်းကြီးဖြစ်လတ်၊ အခါမြတ်၌၊ နက္ခတ်နေလ၊ ကြယ်ထိုမျှနှင့်၊ တကွမြင်းမိုရ်၊ ထိုထိုဒီပ၊ ကမ္ဘာ့တန်ဆာ၊ ပေါ်ထွန်းလာသည်၊ စူကာဇော်ယမ်း၊ တိမ်စုံတန်း၍၊ မချမ်းမပူ၊ ဥဏ္ဍဂူလည်း၊ မြူတိမ်

mgyoe.com

mgyoe.com


မင်းလွင်၊ ခြယ်သန်းဆင်လျက်၊ ပဋ္ဌင်ငြိမ့်လေး၊ မိုဃ်းသံကြွေးသည်၊ လေးပါးစာတ်စု၊ တောတောင်နု၍၊ ဥတုမျှစွာ၊ ထိုအခါဝယ်၊ သာယာညီမြ၊ ကပိလဟု၊ ဘခမည်းတော်၊ မြတ်မယ်တော်တို့၊ တည်ပျော်စံနေ၊ ချက်တော်ကြွေသည်၊ နန်းမြေတော်ပြန်၊ သုံးလူ့မှန်သည်။ ကြွရန်အခန်း၊ တောင်စဉ်တန်းဝယ်၊ လမ်းသာလှသည်၊ ကောင်းပါသည်တည်း၊ ပြည်ကြီးမျက်ဖျော်၊ ဘသုဒ္ဓေါ်နှင့်၊ ထွေးတော်ဂေါတမီ၊ ဒေဝီညာပျော်၊ မိယသော်တို့၊ ညှိုး လျော်ဆွတ်ကြည်၊ လွမ်းမျက်ရည်နှင့်၊ မဆည်နိုင်ပြား၊ ဆွေတော်များကို၊ တရားရေစင်၊ ဘောင်မဂ္ဂင်နှင့်၊ ဆောင်တင်ရအောင်၊ ဘုန်းခေါင်သခင်၊ ကြွစေချင်သည်။ ။ လင်းယဉ် ဖွင့်တော်မူပါဘုရား။

(၈) ဤသို့ပိုင်းခြား၊ ရာသီများကို၊ လျှောက်ထားပင့်ကာ၊ မြတ်စွာ ဇိနော်၊ မိန့်ကျူးခေါ်သည်၊ မြင်မြော်လိမ္မာ၊ ကာလုဒါ။ ။ ရာသီကောင်းသည်၊ တပေါင်းမိန်လ၊ ခါတော်ရကို၊ ငါကြွတော့မည်၊ သို့ဖြစ်သည်ကြောင့်၊ ပြည်တော်သာစွ၊ ကပိလက၊ ကြွ၍ထွက်လာ၊ ကြာလံည်းကြာ၍၊ ငါဗုဒ္ဓကို၊ မွေးဘသုဒ္ဓေါ်၊ ရှမျှော်မြတ်လေး၊ နို့ရည်ကျွေး၍၊ မွေးပေသည်သူ၊ ထွေးဖြူမဟေသီ၊ ဂေါတမီလည်း၊ စုံစီယှုတ၊ မျက်ရည်ကျသည်၊ လွမ်းလှတုံလေ၊ ပူမိုးစွေခဲ့၊ ရွှေဘုံနန်းမ၊ စိုးစံကြသည်၊ တမေယသော်၊ လေးတော်ရာဘိ၊ ရာဟုမိလည်း၊ မချိလွမ်းတာ၊ ညှိုးပူဆာနှင့်၊ ဗိုလ်ပါဆွေပေါင်း၊ သောင်းသောင်းမြော်တမ်း၊ မျက်ရည်လျှမ်းသည်၊ စမ်းသို့ဖြာဖြာ၊ ငါ မြတ်စွာကို၊ လွမ်းတာရှည်လျား၊ ရေနံငါးသို့၊ ရှိပြားကြလေ၊ ငါစိန္တေသည်၊ နေ့ရေမကြာ၊ ပြည်တော်သာသို့၊ ကြွလာတော့မည်၊ သိရသည်မှ၊ ဖြေဆည်ရ၍၊ ဒုက္ခလွမ်းတာ၊ ငြိမ်းစိမ့်ဌာလျှင်၊ ငါမကြွခင်၊ အလျင်မြန်စွာ၊ ကာလုဒါသည်၊ အောင်ချာနဂရ၊ ကပိလတွင်၊ ငါ့တကာတော်၊ သုဒ္ဓေါ် မင်းထံ၊ ဆွမ်းရပ်ခံ၍၊ ဖလ်သူရိန်စက်၊ ချိန်နေထွက်ကို၊ နံနက်ဆွမ်းမှီ၊ မိုဃ်းဆီတိမ်ရံ၊ ကသိုဏ်းစျာန်နှင့်၊ မတ်မွန်ငါ့သား၊ တရားရကာ၊

mgyoe.com

mgyoe.com


ကာလုဒါသည်၊ မြန်စွာရောက်စေ၊ ပြန်ခဲ့လေလော၊ အစိန္တေယျ၊
မိန့်ဟန္ဒတ်ထွက်၊ ရွှေခွန်းချက်ကို၊ ဦးရွက်ဆင်ကာ၊ ကာလုဒါလည်း၊
လက်ယာသုံးကြိမ်၊ ဦးညွတ်နှိမ်လျက်၊ တိမ်အဆိုင်ဆိုင်၊ လိုဏ်
အထပ်ထပ်၊ ပြာသာဒ်ဆင်တန်း၊ တိမ်တိုက်ကြမ်းနှင့်၊ လေကြမ်းလေဆိုး၊
လေမိုဃ်းကြိုးကို၊ တန်ခိုးတော်ကြီး၊ ရှာန်ယာဉ်စီး၍၊ ထေရ်ကြီးမဟာ၊
ကာလုဒါလည်း၊ အောင်ချာနန်းမ၊ ကပိလကို၊ ဖျဖျမြန်စွာ၊ ဆိုက်
ရောက်လာသော်၊ လူခါပေါင်းဖော်၊ မှူးမတ်တော်တို့၊ ထုတ်ဘော်ကြောင်းစ၊
မေးမြန်းကြသည်၊ ရှိရလေပြီး၊ မတ်ကြီးမဟာ၊ ကာလုဒါ။ ခါးမှာတထည်၊
ခြုံတထည်မှာ၊ ဖန်ရည်လည်းဆိုး၊ ချုပ်ရိုးစပ်ထွေ၊ ရှုပ်ပွေပွေနှင့်၊
တဈွေအယောင်၊ ခေါင်းပြောင်ရိတ်ပြီး၊ ခရီးဝေးကွာ၊ ခုရောက်လာသည်၊
ဘယ်ငှာအမှု၊ ကျူးလွန်ပြု၍၊ သူ့တိုင်းနိုင်ငံ၊ ရာဇဒဏ်ကြောင့်၊ ပြန်၍
မြန်စွာ၊ ပြေးလာသည်လား၊ မှူးမတ်များက၊ ဘုရားတရား၊ သင်္ဃာများကို၊
လားလားမမြင်၊ ထူးသည်အင်ကြောင့်၊ မေးချင်သမျှ၊ မေးကုန်ကြသော်၊
နားကျကျနှာ၊ မတ်တကာတို့၊ ငါလည်းလူဝယ်၊ သင်တို့နှယ်ပ၊ မင်းဝယ်
ခစား၊ တရားမယှဉ်၊ ပုထုဇဉ်မို့၊ ငါးအင်သီလ၊ ယခင်ကကို၊ မူလမခြံ၊
လွဲကာမှန်ကာ၊ ကျင့်ရာအရေး၊ အသက်မွေး၏၊ ရှေး၌မတူ၊ ငါခုမူကား၊
ဘွားဘက်မြတ်စွာ၊ စိန္တေယျာက၊ လက္ခဏာရေး၊ ကမ္မဋ္ဌာန်းပေးသော်၊
ဘေးမဲ့ချမ်းသာ၊ ရဟန္တာပင်၊ နိဗ္ဗာန်မြင်၏၊ ထင်ထင်သိသာ၊ ပြောပြီး
ခါလျှင်၊ ရတနာခြယ်သန်း၊ ကျောက်စုံလျှမ်းသည်၊ ရွှေနန်းမြနန်း၊ နန်း
အဆောင်ဆောင်၊ မြောက်တောင် ထားဝယ်၊ သွယ်သွယ်ရံပတ်၊ ကိုးမျက်
လျှပ်သည်၊ ပြာသာဒ်နန်းမ၊ သီဟာယမနေ၊ ထိန်ဝေလျှံလန်း၊ မှန်နန်းတန္ဒန်း၊
ပိတုန်းကဲ့ကော်၊ ဗြဲတိုက်တော်တွင်၊ ဆင်ရေသဖန်း၊ တခန်းလေသာ၊
ပမာမယွင်း၊ ခရုသင်းစကား၊ ရှေးဖျားတသွန်၊ ဇေတဝန်မှာ၊ ဟံသာ
သကိန်း၊ နောက်နန်းတချက်၊ ပွဲတက်ဆောင်မှာ၊ ပဒုမာကရဝေး၊

mgyoe.com

mgyoe.com


မည်ပေးခေါ်ထုတ်၊ တောင်စမုခ်တွင်၊ သမင်ပိန္နဲ၊ ဝဲစမုခ်ကား၊ သရက်သား ဒေါင်း၊ တင့်ညောင်းလျော့ပတ်၊ ရှစ်ရပ်ပလ္လင်၊ မျက်ရှင်ညီးညီး၊ ထီးဆဲ့နှစ်ဆူ၊ ရိပ်ဖြူဝှဲဝှဲ၊ လက်စွဲသံလျက်၊ ကိုးမျက်ကျောက်စီ၊ ရွှေနီသင်းကျပ်၊ လေသာယပ်နှင့်၊ ကျောက်လျှပ်ခြေနင်း၊ မင်းခန်း ကျင်းလျက်၊ ရွှတ်ချင်းသာမှု၊ ဇယတုဖြင့်၊ အောင်ဆုကြွေးညံ၊ ဘိသိက်ခံ ၍၊ အလျှံထွန်းလင်း၊ ရှေ့တော်ကျင်းသည်၊ မင်းကြီးပြည့်ရှင်၊ စံနန်းခွင်သို့၊ ဝင်၍ချွန်ချွန်၊ ထေရ်မွန်မဟာ၊ ကာလုဒါလည်း၊ မျက်လွှာချမှန်း၊ လေးတောင်ခန်းဖြင့်၊ ဆွမ်းအလို့ငှာ၊ ရပ်လေပါသော်၊ ဇရာအိုယွင်း၊ သုဒ္ဓေါ်မင်းလည်း၊ သားရင်းမြတ်စွာ၊ ကြွလာသည်လား၊ သိကြားနတ်ပင်၊ မှတ်ထင်စိတ်ဝယ်၊ ကြည်ညိုဘွယ်နှင့်၊ သပ္ပာယ်လှစွာ၊ ကြွရောက်လာသည်၊ ဘယ်ရွာတိုင်းခြေ၊ ဘယ်မိုးမြေက၊ စေ့ရေးမျိုးမည်၊ မှန်သည်သဘော၊ ခြင်းရာပြောလော၊ သုဒ္ဓေါရာဇာ၊ မေးသည့်တာကို၊ ကာလုဒါကား၊ ပြန်ဆိုကြား၏၊ နားစိုက်စိုက်နာ၊ ငါ့တကာ။ ။ မဟာအနန္တ၊ ဂုဏ်နဝကို၊ အံ့ကြဆုံးတိုင်၊ ပြီးမပိုင်သည်၊ ဘုန်းလှိုင်ထွတ်ထား၊ မြတ်ဘုရားက၊ ဘဘွားသုဒ္ဓေါ်၊ တကာတော်ထံ၊ ဆွမ်းခံသွားလေ၊ စေလွှတ်ပေ၍၊ ရွှေဘုံနန်းမှာ၊ ဆွမ်းလို့ငှာလျှင်၊ ငါကြွလာသည်၊ တကာတော်ရင်း၊ ပြည့်ရှင်မင်း။ လင်းထင်ထုတ်ဖော်၊ ပြန်ကြားသော်လျှင်၊ အော်အော်ယူတ၊ ရှိရလေပြီး၊ ရင်သပ်တီး၍၊ ဘုန်းကြီးပရမေ၊ သားသက်ဝေကို၊ မသေ၍ သာ၊ တွေ့ရပါဟု၊ လွမ်းတာဒုက္ခ၊ ရှိသမျှကို၊ ချုံးချဆုံးတိုင်၊ မပြောနိုင် ဘူး၊ နန်းဘုံဦးဝယ်၊ စူးစူးရပ်လာ၊ ကာလုဒါကို၊ သည်းချာဝမ်းဝင်၊ သားတော်ထင်၍၊ ပြေးဝင်ဖက်ပိုက်၊ ရှိုက်ကာရှိုက်ကာ၊ ရာဇာသနင်း၊ သုဒ္ဓေါ်မင်းလည်း၊ ပူပြင်းဆွတ်ကြွေ၊ မိန်းမောလေခဲ့၊ ဗိုလ်ခြေစုရုံး၊ တနန်းလုံးလျှင်၊ အုံးအုံးအင်းအင်း၊ မင်းကြီးသုဒ္ဓေါ်၊ မိန်းမောတန်တန်၊ နတ်ရွာစံသို့၊ ဖြစ်ဟန်စကား၊ ဆိုရန်များလည်း၊ ရှည်လျားသရုပ်၊

mgyoe.com

mgyoe.com


သိမ်းခဲ့ချုပ်သည်၊ အတ္တုပ္ပတ္တိ၊ ကျယ်လွန်းဘိခဲ့၊ သတိရစေ၊ တရားဖြေ၍၊ စေ့ရေခြင်းရာ၊ ကာလုဒါကား၊ ပြန်ဆိုကြား၏၊ တရားကိုနာ၊ ငါ့တကာ။ ။ များစွာလောက၊ အနန္တတို့၊ ဖြစ်ကပျက်တတ်၊ ဖောက်ပြန်တတ်သည်၊ ချစ်မြတ်သောသူ၊ သေမူရှင်ကွဲ၊ ဖောက်လဲဖောက်ပြန်၊ လောကဓံတရား၊ သတိထားလော၊ သားတော်မြတ်စွာ၊ မဟုတ်ပါဘူး၊ တကာတော်က၊ ရွှေလွှာသ၍၊ မှိုင်းမြည်ညည်း၊ ရာဇဂြိုဟ်ဝယ်၊ ပုဂ္ဂိုလ်ဘုရား၊ သားတော်အားကို၊ ပင့်သွားစေရာ၊ ကာလုဒါလျှင်၊ ဖြစ်ကြောင်းအင်နှင့်၊ စုံလင်စကား၊ ပြန်ဆိုကြားမှ၊ မင်းဖျားရာဇ၊ သတိရ၍၊ ထ၍ရှိသေ၊ သုံးဆောင်ရေနှင့်၊ နေရာခင်းကာ၊ ရဟန္တာကို၊ ပြုခါပြီးသော်၊ မင်းသုဒ္ဓေါ်လည်း၊ သားတော်အရေး၊ သိလိုမေး၏၊ ဘေးတော်ဘိုးလောင်း၊ ထီးဆောင်းနန်းတည်၊ အပြည်ပြည်ထောင်၊ ကုန်အောင်ဆပ္ပား၊ ခပ်သိမ်းအားထက်၊ ထူးခြားမတူ၊ မြတ်တော်မူသည်၊ သည်းအူသက်ထား၊ ငါ၏သားသည်၊ ဘွားတော်မူပြီး၊ နိမိတ်ကြီးနှင့်၊ တိတ်ကြီးထင်လာ၊ ငရဲရွာလည်း၊ ချမ်းသာကုန်လျက်၊ စက်လက္ခဏာ၊ ဗြဟ္မာရှစ်ဖော်၊ ဘတ်စေသော်လည်း၊ ခြေတော်စုံတွင်၊ ဂင္ဂုန်နဂါး၊ မြင်းကျားဆဒ္ဒန်၊ မောင်နှံကိန္နရာ၊ စကြာဝတေးမင်း၊ ခရုသင်းနှင့်၊ နတ်မင်းဗြဟ္မာ၊ တရာရှစ်ကွက်၊ စက်လက္ခဏာ၊ ထင်ရှားပါလျက်၊ သုံးရွာသုံးလူ၊ နတ်လူအောက်ထက်၊ တဘက်လွန်ရှား၊ ငါ၏သားသည်၊ ဘုရားဖြစ်မည်၊ ဘတ်သည်သဘော၊ သားရှင်စောကို၊ ပြောလျှင်ကျယ်စွာ၊ မပြီးရာဘူး၊ သည်သာပြမည်၊ ဘွားကြွတူသာ၊ ကာလုဒါ။ ။ မြတ်စွာငါ့သား၊ ဘခင်အားကို၊ ပစ်သွားသည်တာ၊ ကြာကြီးကြာပြီ၊ ကျန်းမာသုခ၊ ရပါ၏လား၊ အစားရေစာ၊ ဝပြောပါစ၊ တရာ့တစင်း၊ မင်းတို့တိုင်းခြေ၊ ကြွရောက်လေလည်း၊ မွေးဘေထက်ပင်၊ ချစ်ခင်သည့်သူ၊ သားဖြူဘုရား၊ တွေ့၏လား။ ။ သားမြတ်မယ်တော်၊ နတ်ရွာပျော်၍၊ ခေါင်းတော်ချရာ၊ မိရွာဘမြေ၊ ချက်တော်ကြွေသည်၊

mgyoe.com

mgyoe.com


ရွှေပြည်ကြွဒွာန်း၊ ကပိနန်းကို၊ ဘုန်းတန်းကြီးစွာ၊ သားရတနာသည်၊ ဘယ်ရာသီမှ၊ ကြွရောက်ပမည်၊ ပြောပသေချာ၊ ကာလုဒါ။ ။ သာသာ ညှင်းညှင်း၊ သုဒ္ဓေါ်မင်းက၊ ချက်ခြင်းသိလို၊ မေးမြန်းဆိုသော်၊ ပုဂ္ဂိုလ် မဟာ၊ ကာလုဒါကား၊ ပြန်ဆိုကြား၏၊ သားတော်မြတ်ခေါင်၊ ငါးမာရ် အောင်သည်၊ သုံးဆောင်ရွှေနန်း၊ ခမ်းခမ်းနားနား၊ စည်းစိမ်များကို၊ စွန့်သွားရက်ရက်၊ တောထွက်သည်မှာ၊ ကိုယ်သာတယောက်၊ ကောင်း မြောက်လိုလျက်၊ တောထွက်သည်တာ၊ မဟုတ်ပါဘူး၊ မာတာပိတ၊ ဆွေမျိုးစသည်၊ များလှသတ္တဝါ၊ ဝေနေယျာတို့၊ ချမ်းသာစေဘို့၊ နိဗ္ဗာန် သို့လျှင်၊ ဆောင်ပို့ချင်စွာ၊ ကရုဏာကြောင့်၊ မဟာနိက္ခမ၊ ထွက်ခွာကြွသည်၊ ဗုဒ္ဓစင်စစ်၊ ဘုရားဖြစ်၍၊ မွေးချစ်ဘခင်၊ သင်းဝင်နွယ်လာ၊ ဆွေတကာကို၊ ချမ်းသာအမြိုက်၊ တိုက်ကျွေးရအောင်၊ တောတောင်ဂနိုင်၊ မြိုင်နှင့်စိမ့်စမ်း၊ လမ်းလည်းသာသာ၊ ပန်းတကာနှင့်၊ ယင်းမာအင်ကြင်း၊ ဂေါ်ဖီမင်းတို့၊ ပင်ရင်းပင်ဖျား၊ ဖားဖားပွင့်ချိန်၊ နေညိုမှိန်နှင့်၊ မြူတိမ်မင်းလွင်၊ နယ်တိုင်း ဆင်၍၊ မြိုင်ခွင်သာခေါင်း၊ ပန်းနံ့လှောင်းသည်၊ တပေါင်းမိန်လ၊ အေးမြ သာယာ၊ ထိုအခါတွင်၊ မြတ်စွာဗုဒ္ဓင်၊ သုံးလူ့ရှင်သည်၊ ဘခင်မယ်တော်၊ တည်နေပျော်သည်၊ ပြည်တော်နန်းမြေ၊ တိုင်းချက်ကြွေသို့၊ ရွှေပဒုမ္မာ၊ ကြွလာလိမ့်မည်၊ ပြန်ကြားသည်တည်း၊ ပြည်ကြီးသနင်း၊ သုဒ္ဓေါ်မင်းလည်း၊ သားရင်းဗုဒ္ဓ၊ ကြွရောက်တော့မည်၊ သိရသည်ကြောင့်၊ ဖြေဆည်ထောက် ထွေး၊ စိတ်တော်အေး၍၊ လက်နွေးသုဓာ၊ ဆွမ်းသြဇာကို၊ မြတ်စွာငါ့သား၊ စားသုံးရအောင်၊ ဆောင်ယူလေပါ၊ ကာလုဒါတွင်၊ မှာကာထုတ်ဘော်၊ လျှုလိုက်သော်လျှင်၊ ဘွားဘော်မှန်စွာ၊ ရဟန္တာလည်း၊ မြန်စွာရောက်အောင်၊ ဆွမ်းကိုဆောင်၍၊ သီခေါင်တာလမ်း၊ တိမ်တိုက်ကြမ်းဝယ်၊ တိမ်လမ်း ခရီး၊ ဈာန်ယာဥ်စီး၍၊ ခရီးမြန်စေ၊ ပြန်သွားလေခဲ့၊ မွေးဘေသုဒ္ဓေါ်၊ မင်းမြတ်ကျော်လည်း၊ သားတော်မြတ်စွာ၊ ကြွလာတော့မည်၊ သိရသည်

mgyoe.com

mgyoe.com


ကြောင့်၊ စိတ်ကြည်ချမ်းမြ၊ ဝမ်းသာလှ၍၊ နိဂြောဓတွင်၊ သားဥယျာဉ်ကို၊ သုတ်သင်ပယ်တုံ၊ ကျောင်းရွှေဘုံကို၊ ဆောက်ကုန်ရမည်၊ မည်သည့်စိုးငမ်း၊ မှုထမ်းမဆို၊ လမ်းကိုခင်းကျင်း၊ ဝင်းရာဇမှတ်၊ လျောက်ပတ်စွာလှ၊ ပြင်လုပ်ကြစေ၊ တိုင်းခြေအတွင်း၊ သတင်းနှံ့စပ်၊ ရွှေမောင်းခတ်လော၊ မင်းမြတ်ငါလျှင်၊ သားဝမ်းဝင်ကို၊ မြင်ချင်လှပြီး၊ လွန်အားကြီးသည်၊ ခရီးဦးကြို၊ ဆီး၍ကြိုမည်၊ မိန့်ရည်အာဏာ၊ ရှိသည်တာကြောင့်၊ များစွာပြည်သူ၊ အုအုခြိမ့်လျှမ်း၊ နတ်ပြည်လမ်းသို့၊ တင်းကြမ်းဖန်ဒေါင်၊ ပန်းတန်ဆောင်နှင့်၊ မြားမြောင်အုံ့ကျုံ၊ ရေလျှံမြူတာ၊ ရာဇမတ်လမ်း၊ သဲဖြူဖျန်းလျက်၊ ပန်းမွှေ့ရာခင်း၊ မြို့တွင်းမြို့ပြင်၊ မြို့ကိုဆင်လျက်၊ သဘင်ပွဲကြီး၊ လမ်းသီးသီးတွင်၊ ရိုက်ချီးသိမ့်သိမ့်၊ ခြိမ့်ခြိမ့်ကြော်ငြာ၊ စီစဉ်ကာဖြင့်၊ မြတ်စွာဇိနော်၊ သုံးလူ့ဘော်ကို၊ မြော်ကာတသ၊ ကပိလဝယ်၊ နေကြလေခဲ့၊ ပရမေဇိနော်၊ သုံးလူ့ဘော်လည်း၊ မယ်တော်မွေးဘ၊ စိုးရစံပျော်၊ နေပြည်တော်သို့၊ ကြွတော်မူမည်၊ နီးလေသည်ကြောင့်၊ ပြည်ကြီးရာဇာ၊ မင်းဗိမ္ဗာကို၊ ရွှေဗျာနှုတ်ကြူ၊ ခေါ်တော်မူ၍၊ အလှူသီတင်း၊ သဒ္ဒါလင်းသည်၊ ပြည်မင်းရာဇာ၊ ကျောင်းတကာ။ ။ ဓမ္မာနုဂ္ဂ၊ မဂ်ဖိုလ်ရအောင်၊ ဘန်သရွယ်ချူ၊ ဒကာလှူသည်၊ လေးဆူပစ္စည်း။ မှီကပ်ဆည်း၍၊ ကျောင်းလည်းသာလွန်၊ ဝေဠုဝန်၌၊ မြတ်မွန်ငါကား၊ လေးပါးဣရိယာ၊ နေသည်ကြာပြီ၊ မြတ်စွာစိန္တေ၊ ငါပရမေလည်း၊ ဒေဝဒဟ၊ ကောလိယနှင့်၊ ကပိလမည်၊ နန်းရိုးတည်သည်၊ သုံးပြည်ထောင်သော်၊ သောင်းလုံးကျော်သည်၊ ဆွေတော်ပွဲက၊ ခွဲ၍ထွက်လာ၊ ကြာကြီးကြာပြီ၊ ရာဇာဘခင်၊ သားရှင်ပင်ကို၊ မြင်ချင်လှစွာ၊ လွမ်းရောဂါနှင့်၊ အိုနာဆင့်လောင်း၊ နှိပ်စက်ကြောင်းကို၊ ရုံးပေါင်းလျှောက်လွှာ၊ ရွှေပေစာနှင့်၊ ကာလုဒါသည်၊ ပင့်လာတုံလေ၊ သို့ဖြစ်ထွေကြောင့်၊ စိန္တေရတနာ၊ ငါမြတ်စွာသည်၊ တခါတလည်၊ မိဘပြည်သို့၊ ပြန်လည်ကြွရာ၊ ကျောင်းတကာကို၊

mgyoe.com

mgyoe.com


သိပါစေငြား၊ ငါတိုင်ကြားသည်၊ သွားပါတော့မည်၊ အကြည်ဗိမ္ဗိသာ၊ ကျောင်းတကာ။ ။ ဓမ္မတာတရား၊ မြတ်ဘုရားလျှင်၊ ကြွသွားတော့မည်၊ နှုတ်ဆက်သည်တွင်၊ ပြည်ရှင်ဗိမ္ဗိသာ၊ ကျောင်းတကာလည်း၊ ဆရာဗုဒ္ဓင်၊ မြတ်ချစ်ရှင်ကို၊ ဝမ်းဝင်တူခို၊ ညီအစ်ကိုသို့၊ ကြည်ညိုလှုပြီး၊ မျက်ရည်စီးသည်၊ ငိုကြီးရှိုက်ကာ၊ ဝမ်းနည်းစွာနှင့်၊ ဆရာဘုန်းတူ၊ မြတ်သုံးလူကို၊ ထီးဖြူကနက်၊ လေးချက်လှူပြီး၊ ထေရ်ကြီး သဃ်ာ၊ နှစ်သောင်းမှာလည်း၊ ဖြူစွာညီးညီး၊ နှစ်ချက်ထီးစီ၊ လှူပြီးတုံလတ်၊ ရွှေမောင်းခတ်၍၊ ရှစ်ရပ်မြို့လုံး၊ ခြိမ့်အုံးကြွေးညံ၊ ပန်းမလ်ကုက္ကား၊ မုလေးပွားနှင့်၊ ဖန်သားမြူတာ၊ ရာဇမှတ်ဝင်း၊ ခင်းသူပြင်သူ၊ အူအူကြွက်ကြွက်၊ မြို့လုံးထွက်၍၊ စက်စက်မျက်ရည်၊ ငိုလိုက်သည်နှင့်၊ ကြည်ကြည်နူးနူး၊ ရှိဦးလက်သ၊ ပူဇော်ကြ၍၊ လမင်းကောင်းကင်၊ နေမင်းဝင်သို့၊ ချစ်ရှင်ဘုရား၊ ပစ်၍သွားသော်၊ အခြားတို့ဝယ်၊ ကိုးကွယ်မရ၊ ညကိုတထွေ၊ ညောင်ရေနှင့်ပန်း၊ နံနက်ဆွမ်းနှင့်၊ ယူလှမ်းမင်ဖိုလ်၊ ခိုပါရမည်၊ ငါတို့ပြည်သို့၊ မရှည်မကြာ၊ ကြွခဲ့ပါနော်၊ စိန္တေယျော်ဟု၊ ပူဇော်အုတ်ကျက်၊ မျက်ရည်စက်နှင့်၊ မြို့ပျက်သောလား၊ မြို့တံခါးဝယ်၊ ထွက်သွားဝင်ပြီး၊ ဆံကြီးဖားယား၊ လင်မယားနှင့်၊ သားမြေးကွဲပျောက်၊ ပတောက်ပရစ်၊ ဟစ်သံခေါ်သံ၊ ဆင်မြင်းသံနှင့်၊ ကြော်ညံ့ခြိမ့်အုံး၊ တမြို့လုံးလျှင်၊ ရှိတုံးတွင်ဝယ်၊ ဈာန်ယာဉ်စီးကာ၊ ကာလုဒါလည်း၊ ပြန်လာချက်ချင်း၊ တိမ်တိုက်တွင်းက၊ ဆင်း၍ရောက်သော်၊ လက်မြှောက်ညွှတ်တွား၊ ဘုရားရှေ့ခွင်၊ မြန်စွာဝင်၍၊ ဦးတင်ဝန္ဒ၊ ရှိတုပ်ကွလျက်၊ ဝတ်ချပြီးသော်၊ သုဒ္ဓေါ်ရာဇာ၊ ဘတကာကား၊ တပါးရောဂါ၊ မရှိပါဘူး၊ ကြင်နာပိုက်ဖျား၊ သားဘုရားကို၊ မင်းဖျား ဘခင်၊ ဖူးချင်တုံစွာ၊ လွမ်းရောဂါနှင့်၊ ဇရာကဖိ၊ တတ်မသိသည်၊ တပည့်တော်အား၊ သားတော်လိုပင်၊ စိတ်စွဲထင်၍၊ ပြေးဝင်ဖက်နွဲ၊ ခွေခွေလဲသည်၊ ပူပွဲကြီးစွာ၊ ရာဇာဘခင်၊ ရှိကြောင်းအင်ကို၊ လျှောက်

mgyoe.com

mgyoe.com


တင်ပြီးလတ်၊ ဆွမ်းတော်ကပ်သော်၊ မြတ်စွာဘုန်းတူ၊ မိန့်တော်မူ၏၊ နတ်လူများစွာ၊ သတ္တဝါတို့၊ တဏှာသံယော၊ အာသဝေါနှင့်၊ မောဟပွား၍၊ ငါ့သားငါ့လင်၊ ချစ်ခင်သမျှ၊ စိုးမရဘူး၊ မုချမလွဲ၊ သေကွဲရှင်ကွဲ၊ မမြဲဥစ္စာ၊ တဏှာလောဘ၊ မူရင်းစသည်၊ ငနှင့် ဏကြီး၊ ပယ်ပြီးနိုင်မှ၊ ချမ်းသာရမည်၊ သုခတရား၊ ငါဟောကြားသည်၊ ထင်ရှားရှိစွာ၊ ကာလုဒါယု၊ မြတ်စွာဖိနော်၊ ရွှေခွန်းဖော်၍၊ သုဒ္ဓေါဒနဘွား၊ လျှူလိုက်ပြားသည်၊ သားတယောက်စာ၊ ဆွမ်းသုဓာကို၊ မြတ်စွာဘုရား၊ တရားရှုလျက်၊ ပစ္စဝေက္ခနာ၊ မျှ၍သာလျှင်၊ သဃ်ာတော်ပေါင်း၊ နှစ်သောင်းလောက်င၊ ဘုဉ်းပေးရ၏၊ ထိုမှတတန်၊ ပြည်တော်ပြန်တွင်၊ ရွှေညာဏ်ဆင်ခြင်၊ ကောင်းကင်ခရီး၊ ဈာန်ယာဉ်စီး၍၊ ပြည်ကြီးနိုင်ငံ၊ ပြန်သော်ငါ့မှာ၊ ရောက်လွယ်ရာ၏၊ များစွာငါ့ထံ၊ ထေရ်ခြွေရံတို့၊ ဈာန်ကသိဏ်းရ၊ တချို့ကလည်း၊ မရချေသေး၊ ထိုအရေးကို၊ ထောက်တွေးရှုပြီး၊ မြေခရီးဖြင့်၊ ဘုန်းကြီးပရမေ၊ ချက်တော်ကြွေသည်၊ အောင်မြေနန်းသို့၊ ပြန်မြန်းမည်သာ၊ နီးလေပါ၍၊ အရိယာဝန်းကျင်၊ ကြီးစဉ်ငယ်လိုက်၊ သိုက်မြိုက်လှစွာ၊ ပညာကြီးဘိ၊ သာရိပုတြာ၊ မဟာမောဂ္ဂလန်၊ မြဲမြံဝန်းကျင်၊ စဉ်ကာစဉ်ကာ၊ သူရိယာနေမင်း၊ သောင်းထောင်လင်းသို့၊ ရှင်ရင်းမြတ်စွာ၊ ပြန်မည့်တာကား၊ နီးပါလေလျှင်၊ ဝန်းကျင်အရိယာ၊ ကြွသောခါလျှင်၊ ဗိုလ်ပါသိန်းသောင်း၊ မြေကြီးစောင်းမျှ၊ ငြိမ့်ညောင်းကျူးကြော်၊ စည်တော်ခြိမ့်မွန်း၊ သံစုံရွှမ်းသည်၊ လွမ်းဘွယ်စရာ၊ တပ်ပေါင်းကာ၍၊ ဗိမ္ဗိသာမင်း၊ မြတ်ရှင်ရင်းကို၊ ဝပ်စင်းရှိသေ၊ လိုက်ပို့လေသော်၊ တိုင်းခြေနယ်ပျို၊ ရာဇဂြိုဟ်က၊ တိုးရိကွမ်းထောက်၊ ကျောင်းတော်ဆောက်သည်၊ အံ့လောက်များစွာ၊ သုံးဆယ်မှာတွင်၊ မြတ်စွာဘုန်းဟော့၊ တနေ့တကျောင်း၊ ကိန်းအောင်း၍သာ၊ စကြာကြွသွား၊ နတ်အများလည်း၊ ကုက္ကားတံခွန်၊ အလွန်ညီးညီး၊ ဆီမီးပေါက်ပေါက်၊ ကြဲမြှောက်ရှိသေ၊ လိုက်ပို့လေ၍၊

mgyoe.com

mgyoe.com


နေရောင်မထိုး၊ မိုးလည်းမဖျန်း၊ တိမ်ပန်းဝဇီ၊ မင်းလွှင်ချီ၍၊ ဂေါ်ဖီကိုက်ငုံ၊ တောရဂုံလည်း၊ ဝတ်မှုံဆွတ်ဆွတ်၊ ပင်တိုင်းညွတ်အောင်၊ ပွင့်ဝတ်လှိုင်ပြေ၊ ပူဇော်ကြ၏၊ သံမြသာညောင်း၊ ကောင်းကင်ချောင်းမျှ၊ ဥဒေါင်းသာရကာ၊ လင်းပြာပြည်စိုး၊ ငှက်အမျိုးလည်း၊ ရင့်နှိုးကြွေးညံ၊ ပြည်တော်ပြန်ကို၊ ပူဇံညွတ်ခ၊ ပို့လိုက်ကြ၏၊ နေကညိုညို၊ လေချိုညှင်းညှင်း၊ မြိုင်မင်းသာသာ၊ မြတ်စွာပရမေ၊ ကြွခဲ့လေ၍၊ မြရေသွယ်ဖြာ၊ အနော်မာသို့၊ လမ်းတာထုပ်ချောက်၊ ဆိုက်လေရောက်က၊ ကွမ်းထောက်ကျောင်းမှာ၊ မြတ်စွာစိန္တေ၊ သပ္ပာယ်ခွေ၍၊ နေတော်မူ၏၊ ပြည်သူရာဇာ၊ ဗိမ္ဗိသာလည်း၊ သည်ခါသော်မှ၊ ငါ့ကိုကြည်ညို၊ မင်္ဂလဖိုလ်တရား၊ ဟောကြားတတ်စွာ၊ ငါ့ဆရာလည်း၊ ငါနှင့်ခုသည်၊ ကွဲတော့မည်ဟု၊ မျက်ရည်ဖြာဖြာ၊ ကြည်နူးစွာနှင့်၊ ဝန္ဒာဝန္ဒ၊ ဦးနှိမ်ချ၍၊ သီလယူခံ၊ အပဟံဘန္တေ၊ ကန်တော့လေသော်၊ စိန္တေဘုရား၊ မြတ်ခေါင်ထားလည်း၊ တရားရှေးရှု၊ သာဓုသာဓု၊ လှုလှုခေါ်ကာ၊ ကျောင်းတကာမှာ၊ ငါဟောညွှန်ဘိ၊ တရားရှိပြီ၊ သတိသံဝေ၊ သိမ်းဆည်းလေလော၊ အစိန္တေယျော်၊ မိန့်ခွန်းဖော်က၊ ကျောင်းတော်တကာ၊ ဗိမ္ဗိသာလည်း၊ လက်ျာသုံးကြိမ်၊ ဦးညွတ်နှိမ်လျက်၊ အစိန္တေယျော်၊ မျက်နှာတော်ကို၊ ဖူးမျှော်ရှုလျက်၊ တသက်သက်နှင့်၊ လက်အုပ်ချီကာ၊ နောက်ဆုတ်သာလျှင်၊ ထွက်လာခဲ့ပြီး ဆင်စီးမြင်းစီး၊ ဗိုလ်ကြီးတပ်ပေါင်း၊ ငြိမ့်ငြိမ့်ညောင်းနှင့်၊ ကျောင်းတော်ဒကာ၊ ဗိမ္ဗိသာလည်း၊ ရာဇဂြိုဟ်နန်းမြေ၊ ပြန်သွားလေတည်း၊ အစိန္တေယျ၊ မုနိန္ဒသည်၊ မွေးဘနိုင်ငံ၊ ပြည်တော်ပြန်တွင်၊ ဆွမ်းခံနေ့ဆက်၊ ဘွားဘက်တော်သာ၊ ကာလုဒါယီ၊ အောင်ချာနန်းမ၊ ကပိလတွင်၊ မွေးဘထံမှာ၊ ဆွမ်းခံလာ၍၊ သိပါနှင့်စေ၊ ပြောခဲ့ပေသည်၊ အစိန္တေယျ၊ မုနိန္ဒသည်၊ မွေးဘရှိရာ၊ ပြန်ကြွလာ၍၊ နော်မာမြစ်ကို၊ ရှင်ချစ်ပရမေ၊ ခုရောက်လေပြီ စေ့ရေခြင်းရာ၊ ကာလုဒါကား၊ ပြန်ဆိုကြားမှ၊ မင်းဖျားသုဒ္ဓေါ၊ မွေ့လျော်သုခ၊ ဝမ်းမြောက်လှ၍၊

mgyoe.com

mgyoe.com


ဖျုဖျုယင်စေ၊ ကပိမြေကာ၊ ဗိုလ်ခြေဆင်မြင်း၊ လုံးရင်းရထား၊ အများဖြင်ပြီး၊ သားဘုန်းကြီးကို၊ ဆည်း၍မွေးဘော၊ ထွက်ကြိုလေသော်၊ စုံခြေဂနိုင်၊ ပန်းစုံလှိုင်၍၊ မြိုင်နှင့်တောင်တန်း၊ စခန်းသာသာ၊ ငှက်တကာလည်း၊ ကြော်ညာသောသော၊ သံစုံနှော၍၊ တတောထွက်ဝင်၊ ဘခင်သုဒ္ဓေါ၊ သားဖိနော်ကို၊ မြော်ကာမြော်ကာ၊ ထွက်ကြိုလာသော်၊ ကြာကြာတင်တင်၊ မမြင်ရဘဲ၊ ဆင်းဝါကွဲသည်၊ ရဲရဲထွန်းညီး၊ ရွှေတောင်ကြီးသည်၊ ယိုစီးသောနှယ်၊ ရောင်ခြောက်သွယ်နှင့်၊ သပ္ပာယ်လှစွာ၊ သားရတနာကို၊ ရာဇာသုဒ္ဓေါ၊ မြင်ရသော်လျှင်၊ ကိုယ်ပေါ်ရှိန်းရှိန်း၊ ကြက်သိန်းဖြိုက်ဖြိုက်၊ ထလိုက်တုံလေ၊ သားဖြစ်ထွေကို၊ မသေ၍သာ၊ ဖူးတွေ့ပါဟု၊ ရာဇာဘခင်၊ သားချစ်ရှင်ကို၊ ပြေးဝင်ဖက်ပိုက်၊ နှလုံးခိုက်သည်၊ ရှိုက်ကာဆွတ်ကြွေ၊ မိန်းမောလေခဲ့၊ အစိန္တေယျော်၊ ထိုခါသော်မူ၊ နှုတ်တော်မြွက်ဟာ၊ ငါမွေးဘသည်၊ ငါ့ကိုချစ်လျှင်း၊ ဒုက္ခပြင်း၍၊ ခြေရင်းဖက်ကာ၊ ပူဆာဆွတ်ကြွေ၊ မိန်းမောလေသည်၊ သေချင်လုပင်၊ သားကိုခင်၍၊ သို့စဉ်ရှိလေ၊ ငါပရမေကို၊ သန္တေဆယ်လ၊ ရွက်ဆောင်ရသည်၊ ငါ့ကိုတွားမြော်၊ ငါ့မယ်တော်လည်း၊ သက်တော်ထင်ရှား၊ မလားနတ်ရွာ၊ ရှိလေပါက၊ သည်းချာသားတော်၊ ပြိုင်ဘော်လွတ်ရှား၊ ဂုဏ်ကိုးပါးနှင့်၊ ဘုရားဖြစ်ကာ၊ မိဘရွာသို့၊ ကြွလာသည်များ၊ မိခင်ကြားသော်၊ ဘုရားချစ်ရှင်၊ သားဝမ်းဝင်ကို၊ မြင်ချင်လှပြီး၊ လွမ်းအားကြီးသည်၊ တောကြီးကန္တာ၊ ကြိုဆိုလာ၍၊ မြတ်စွာသားကို၊ တွေ့ငြားရသော်၊ ခမည်းတော်မျှ၊ မကလေဘူး၊ သားဦးပရမေ၊ မြတ်စိန္တေကို၊ မွေးမေမွေးသည်၊ ကျေးဇူးမိုးမြေ၊ ရှိလေငဲ့နော်၊ သားသူတော်ဟု၊ ထုတ်ဘော်ဆိုပြီး၊ မျက်ရည်စီးနှင့်၊ ရှိုက်ကြီးပူပင်၊ သားကိုကြင်သည်၊ မိခင်ပိုက်နွဲ့၊ နှလုံးကွဲသည်၊ လဲ၍မယ်တော်၊ နတ်ရွာပျော်လိမ့်၊ ရှင်တော်ဘုန်းကြီး၊ သို့မိန့်ပြီးလျှင်၊ မင်းကြီးရာဇာ၊ ဘတကာ။ ။ တဏှာသံယော၊ အာသဝေါနှင့်၊ ဩဃမြစ်တွင်၊ မွန်းနစ်ကြတုံ၊ တေဘုမ္မက၊ သခၤါရသည်၊

mgyoe.com

mgyoe.com


ဒုက္ခမှန်စွာ၊ သတ္တဝါတို့၊ ချမ်းသာမရ၊ အနိစ္စသည်၊ ဒုက္ခသညာ၊ အနတ္တာဖြင့်၊ စကြာရဟတ်၊ ဥပါဒ်ဌီဘင်၊ အစဉ်တွက်ရေ၊ ဇာတိနေ၍၊ အခြေမမြဲ၊ သံသာဝဲတွင်၊ သေကွဲရှင်ကွဲ၊ ထိုနှစ်ကွဲကို၊ အမြဲတွေ့ရာ၊ သေဘေးလာသော်၊ ငါကယ်မည်ပ၊ မကြောက်ကြနှင့်၊ အာမခံသူ၊ တလူတစ်၊ ဘယ်မရှိဘူး၊ မိမိရှေးက၊ မျိုးချပါလာ၊ ကံနှစ်ဖြာသည်၊ သုခါဒုက္ခ၊ စောင့်ထိန်းမ၏၊ လောကဓမ္မ၊ ရှစ်တန်တရား၊ တွေ့တတ်ငြားဟု၊ ဘုရားဗုဒ္ဓ၊ ငါဟောပြသည်၊ မွေးဘစေ့ရေ၊ နှလုံးဖြေလော၊ အစိန္တေယျ၊ မိန့်ဟဓမ္မော၊ ထုတ်ဘော်ဟောမှ၊ မင်းစောမွေးဘ၊ သက်သာရ၍၊ အေးမြသီဒါ၊ အနော်မာက၊ မြတ်စွာပရမေ၊ ကြွခဲ့ပေသည်၊ မြိုင်ခြေတလျှောက်၊ တိုင်းပြည်ရောက်အောင်၊ ဆောက်သည်စဉ်ကာ၊ ကျောင်းတော်မှာလျှင်၊ မြတ်စွာဘုရား၊ ထပ်ကာနား၍၊ ကြွသွားသည်မှာ၊ တောသာယာနှင့်၊ ကန္တာစုံတိုင်း၊ ပြိုင်ရရိုင်းလျှင်၊ ဆိုင်းဆိုင်းစွင့်စွင့်၊ အပွင့်အငုံ၊ ဝတ်မှုံဝေဝေ၊ ရနံ့ကြွေ၍၊ ဖီရွှေကံ့ကော်၊ စွယ်တော်အင်ကြင်း၊ ပန်းခပင်းလည်း၊ ခက်ချင်းနွဲ့လျက်၊ ကန်တော့ရှက်၍၊ လက်အုပ်ပမာ၊ ပူဇော်ကာနှင့်၊ အာကာသပြင်၊ ထက်ကောင်းကင်လည်း၊ မင်းလွင်တိမ်ပန်း၊ ပန်းချီဆန်းသည်၊ မရမ်းဇော်ရောင်၊ ပြာသာဒ်ဆောင်နှင့်၊ ပန်းပေါင်စိုစို၊ နေညိုညိုနှင့်၊ လေချိုဆော်ညှင်း၊ ပန်းစုံဆင်း၍၊ မြေခင်းသာမှု၊ သဲနုလည်းဖျန်း၊ တောင်စဉ်တန်းဝယ်၊ မြိုင်ခန်းသာစုံ၊ လိမ်းကုန်မြေပြာ၊ သာယောင့်သာတွင်၊ ဖီလာတန်းလျက်၊ တောင်တပြက်က၊ ကျောက်စက်မြရေ၊ ထွေထွေစီးသွန်၊ ရေတံခွန်ဖိတ်၊ မြိုင်ဆိတ်ဆိတ်တွင်၊ တောင်ရိပ်သာတောင်း၊ တောရကျောင်းလည်း၊ ပန်းပေါင်းကြိုင်စွာ၊ ငှက်တကာတို့၊ ခိုရာ ပျော်ညောင်း၊ တောင်နှာမောင်းက၊ ဥဒေါင်းကျူးကြော်၊ ငှက်တော်သံနှိုး၊ ဇီဝဇိုဝ်းနှင့်၊ ပြည်စိုးလင်းပြာ၊ တောထွေလာကို၊ သည်သာသရုပ်၊ သိမ်းခါချုပ်လျက်၊ မြိုင်တောနက်က၊ ထွက်ခဲ့ကြွ၍၊ သုံးရွာထိပ်ပေါ်၊ စိန္တေယျာ်သည်၊

mgyoe.com

. mgyoe.com


ပြည်တော်တိုင်းနိုင်၊ ခရိုင်ရပ်မြေ၊ ရောက်တုံလေက၊ ဝေဝေမြိုင်မြိုင်၊ သင်းကြိုင်ကြိုင်နှင့်၊ ပန်းခိုင်ပန်းတောင်း၊ ပန်းတန်ဆောင်းလည်း၊ ဝေမောင်းရီနှော၊ ငှက်ပျောအုန်းကြဲ၊ ပင်ရုံဝေဖား၊ မုလေးပွားနှင့်၊ ကုက္ကား ထွေထွေ၊ ညောင်ရေမြူတာ၊ စဉ်ကာစဉ်ကာ၊ လက်ျာလက်ဝဲ၊ ပန်းပွေ့ ကြဲသည်၊ စည်နဲ့ရွှမ်းကာ၊ လွှမ်းစရာနှင့်၊ များစွာပြည်သူ၊ လှိုက်ဆူကောင်း ကင်၊ ဝန်းကျင်ရိုက်ချီး၊ ခြိမ့်ခြိမ့်တီးသည်၊ ပွဲကြီးသဘင်၊ သိမ့်သိမ့်ဆင်၍၊ ချစ်ရှင်ဖိနှော်၊ သုံးလူ့ဘော်သည်၊ နောက်တော်သဃာ၊ နှစ်သောင်းပါနှင့်၊ စဉ်ကာစဉ်ကာ၊ ရာဇာမှတ်လမ်း၊ သဲဖြူဖျန်းတွင်၊ တိမ်ပန်းလျှပ်စက်၊ နေမင်းထွက်သို့၊ ငြိမ်သက်မွေ့စွာ၊ ကြွ၍လာသော်၊ မင်္ဂလာသဘင်၊ နန်းစဉ်စည်ကြီး၊ ခြိမ့်ခြိမ့်တီး၍၊ မီးလည်းတထွေ၊ ရေလည်းတခန်း၊ သုံးလူ့ပန်းသည်၊ ဆောင်းချမ်းလပြယ်၊ တပေါင်းဝယ်၌၊ ခြောက်ဆယ် ယူဇနာ၊ နှစ်လကွာကို၊ ရာဇဂြိုဟ်က၊ ကိုယ်တော်ကြွ၍၊ မိဘတိုင်းခြေ၊ ချက်တော်ကြွေသည်၊ မင်းနေဌာန၊ ကပိလအောင်ခန်း၊ ဘုံကြငှန်းသို့၊ ဂုဏ်ပန်းသခင်၊ ချစ်ရှင်ဘုရား၊ ဆွေအများကို၊ တရားဖြေဖျောက်၊ ကြွလာရောက်သည်။ ။ ဝမ်းမြောက်ကုန်ကြရှင်လန်းတည်း။

(၉) အစိန္တေယျ၊ မုနိန္ဒသည်၊ နန်းမသုံးဆောင်၊ လောကီဘောင် ကို၊ လောင်ထိန်မီးပင်၊ သံဝေမြင်၍၊ တောခွင်ထွက်ကြွ၊ နိက္ခမဖြင့်၊ ဒုက္ခညှိုးခွေ၊ ခြောက်နှစ်နေသော်၊ ညောင်ရွှေပလ္လင်၊ ဗောဓိပင်၌၊ ငါးအင် သောမာရ်၊ မျက်ကိုးတန်ကို၊ ဉာဏ်ဝရဇိန်မြတ်၊ မဂ်ဖြင့်သတ်၍၊ လူနတ် ဆရာ၊ သဗ္ဗညုဗုဒ္ဓ၊ ဖြစ်ပြီးမှလျှင်၊ ပဥ္စမှာ၊ မိဂဒါဝွင်၊ တဝါဆိုပြီး၊ ပြည်ကြီးရာဇာ၊ ဗိမ္ဗိသာက၊ သဒ္ဓါကြည်ဖြူ၊ လှူသည်ကောင်းမွန်၊ ဝေဠု ဝန်ကျောင်း၊ သာလှတောင်းတွင်၊ ရှင်ကောင်းမြတ်စွာ၊ နေသောခါလျှင်၊ ဘွားခါတူမှု၊ တမန်ပြုသည်၊ ကာလုဒါယီ၊ ပင့်ချီတုံမှ၊ ကပိလဟု၊ မိဘ တိုင်းခြေ၊ ကြွရောက်လေသော်၊ မွေးဘေသုဒ္ဓေါ်၊ မင်းမြတ်ကျော်နှင့်၊

mgyoe.com

mgyoe.com



ထွေးတော်ဒေဝီ၊ ဂေါတမီတို့၊ စုံစီပြန်ပြောင်း၊ အကြောင်းကြောင်းကို၊ အောင်းမေ့ထွေလာ၊ စိုက်ခေါ်ကာနှင့်၊ နတ်ရွာပြောင်းသည်၊ သားကောင်းမိခင်၊ နတ်တို့ခွင်က၊ ထင်ထင်ရောက်ငြား၊ ဘုရားစင်စစ်၊ သားတော်ဖြစ်ကို၊ မွေးချစ်မွေးမေ၊ မြင်စေချင်လှ၊ လွမ်းယူတ၍၊ ဒုက္ခဗျာဆွေး၊ ငိုကြွေးလေခဲ့၊ မွေးဘေသုဒ္ဓေါ်၊ မင်းမြတ်ကျော်လည်း၊ သားတော်ကြွလာ၊ နေရာအသင့်၊ ဆောက်ထားနှင့်သည်၊ ဖြိုးမြင့်သာယာ၊ နိဂြောဓာရုံ၊ ကျောင်းရွှေဘုံသို့၊ ကိုးဂုဏ်ကျော်ကြား၊ သားဘုရားသည်၊ ကြွငြားပါကြောင်း၊ ပင့်တုံရှောင်း၍၊ ကျောင်းလှူသောခါ၊ စိန္တေယျာလည်း၊ သေနာသန၊ ဥဏှာသီတာ၊ မှု၍သာလျှင်၊ ဣရိယာလေးထွေ၊ သပ္ပာယ်ခွေ၍၊ မွေးဘေကျောင်းတွင်၊ တင့်သြောင်းမွေ့လျော်၊ ကျိန်းစံပျော်စွာ၊ ထိုခါသရော်၊ ပြည်တော်နဂရ၊ ကပိလမှာ၊ နိဂြောဓာတွင်၊ များစွာဗိုလ်ပေါင်း၊ သောင်းသောင်းဝန်းကျင်၊ ငါတို့လျှင်လည်း၊ ထီးစဉ်နန်းစဉ်၊ သာကီဝင်မျိုး၊ မာန်ဂုဏ်ကိုး၍၊ မိုးလားကဲလား၊ သူတပါးကို၊ လားလားမထီ၊ ဉာဏ်ပလီနှင့်၊ ဝသီကနှော၊ အပြောကြမ်းတမ်း၊ ထီးနန်းဆွေတော်၊ တို့ပေါက်ဖော်ပ၊ တူတော်မှန်ငြား၊ သိဒ္ဓတ်သားကို၊ တို့ကားဦးရိုး၊ ကြီးသူကသာ၊ ဘယ်မှာ ညွှတ်ပျောင်း၊ ရှိခိုးရှောင်းအံ့၊ ဦးခေါင်းမညွှတ်၊ နေကုန်လတ်သော်၊ မြတ်စွာဗိနော်၊ သုံးလူ့ဘော်လည်း၊ ဆွေတော်အများ၊ အယူမှားလျှင်၊ လားလိမ့်အပါယ်၊ ထိုဝယ်အကြောင်း၊ ကောင်းမြတ်ကရုဏာ၊ မဟာဉာဏ်တော်၊ ထောက်ရှုမြော်၍၊ ဆွေတော်တို့အား၊ ချွတ်ငြားလိုချင်၊ မြတ်ရှင်ပင်လည်း၊ ကောင်းကင်မိုဃ်းဝ၊ ရျာန်ယာဉ်ကြွ၍၊ နီလပီတ၊ စသည်လုံးစုံ၊ ခြောက်ရောင်ဟုန်ကို၊ ဆန့်စုန်အောက်ထက်၊ ဘဝဂ်ကျော်ကြား၊ ပြတုံငြားသည်၊ ကြီးမားတေဇော်၊ တန်ခိုးတော်ကို၊ အံ့အော်ယူတ၊ မြင်ကုန်ကြ၍၊ မွေးဘသုဒ္ဓေါ်၊ ပူဇော်ဦးတင်၊ လက်အုပ်ဆင်၍၊ ဝမ်းဝင်သက်ထား၊ ငါ၏သားကို၊ ဘွားမြင်ငယ်က၊ ဒေဝိလ၏၊ သီသထက်မှာ၊

mgyoe.com

mgyoe.com


သားမြတ်စွာ၏၊ စကြာခြေစုံ၊ ဆိုက်ရောက်တုံက၊ မွေးဘပြည်ရှင်၊ သည်တွင်တခါ၊ ရှိခိုးပါပြီ၊ မင်္ဂလာလယ်၊ ထွန်ခါဝယ်လည်း၊ ဖုံးကွယ်သပြေ၊ ပင်ရိပ်နေကြောင့်၊ မွေးဘေတခါ၊ သားမြတ်စွာကို၊ ဝမ်းသာအားရ၊ ဦးနှိမ်ချ၍၊ ဝန္ဒဝန္ဒာ၊ ရှိခိုးပါသည်၊ ခုမှာ၃ဿော်၊ သားရှင်တော်သည်၊ ခြောက်ဖော်ရောင်ဟုန်၊ ရေမီးစုံနှင့်၊ ကိုးဂုဏ်ကြီးရှင်၊ မြတ်ဆုံးတင်ဟု၊ လူ့ခွင်နတ်ရွာ၊ ဗြဟ္မာဝီစိ၊ နှံ့သိကျော်ကြား၊ ဘုရားစင်စစ်၊ သားတော်ဖြစ်ကို၊ မွေးချစ်ဘခင်၊ ဦးတင်ရိုကျိုး၊ လွန်မြတ်နိုး၍၊ ရှိခိုးတုံဘိ၊ သုံးကြိမ်ရှိပြီ၊ ပီတိဝမ်းသာ၊ ဆွေများစွာတို့၊ သိပါစေသော၊ ထုတ်ဖော်ပြော၍၊ ဩကာသ ဩကာသ၊ ကာယဝစီ၊ သုံးလီကမ္မံ၊ ပူဇံကြည်လင်၊ ရှေ့ဆုံးတင်၍၊ ဘခင်သုဒ္ဓေါ်၊ ရှိပူဇော်မှ၊ ဆွေတော်အပေါင်း၊ မျိုးရှစ်သောင်းတို့၊ ဦးခေါင်းလက်တင်၊ ကြည်လင်ညွှတ်ခ၊ ရှိခိုးကြသည်၊ မူလအသွင်၊ အကြောင်းအင်ကို၊ ချစ်ရှင်ဘုရား၊ သိမြင်ငြားက၊ ကြီးမားတေဇော်၊ အလိုတော်ဖော၊ အာပေါအလှိုင်း၊ ရေကသိုဏ်းကို၊ ရှုနှိုင်းအာရုံ၊ ဝင်စားတုံက၊ နွေဂိမ္ဟတွင်၊ မိုဃ်းဝသန်ခါ၊ မဟုတ်ပါလျက်၊ လမ္ဘရာစည်၊ ဆော်ရွမ်းသည်နှင့်၊ ကြွေးမြည်ထစ်ခြိမ်း၊ တော်သံဟိန်းသည်၊ ခြိမ်းခြိမ်းပွဲတင်၊ မှောင်ကြီးဆင်၍၊ ဇေယာဉ်လိုမ့်လိုမ့်၊ တသိမ့်သိမ့်လျှင်၊ ဖိမ့်ဖိမ့်တောင်ကမ်း၊ လျှမ်းလျှမ်းဖြိုးမောက်၊ မိုဃ်းရေပေါက်ဖြင့်၊ ပေါက္ခရဒေဝါ၊ သွန်းချရွာသော်၊ များစွာဆွေပေါင်း၊ သောင်းသောင်းဝန်းကျင်၊ သာကီဝင်တို့၊ စွတ်ချင်သူမှ၊ စွတ်ရတုံငြား၊ သားဘုရား၏၊ ကြီးမားတန်ခိုး၊ သည်မိုဃ်းလိမ္မာ၊ ဆွေများစွာကို၊ မျက်နှာကြည့်မိုး၊ ရွာတတ်နိုးသည်၊ ဆေးဘိုးယူတ၊ ဘယ်ကာလမှ၊ ကြုံစရာဘူး၊ မိုဃ်းမြတ်ထူးကို၊ ချီးကျူးပြောပ၊ အံ့အောကြသော်၊ လောကမှန်ကူ၊ မိန့်တော်မူ၏၊ နတ်လူဗြဟ္မာ၊ ဦးခိုက်ရာသည်၊ တေဇာကဲမိုး၊ ငါ့တန်ခိုးကြောင့်၊ သည်မိုဃ်းဒေဝါ၊ သွန်းဖြိုးရွာသည်၊ အံ့ရာအခွင့်၊ မပြုသင့်တည်း၊ ရှည်မြင့်ရှေးခါ၊ ဝင်္ကပါတွင်၊ မြတ်စွာအလောင်း၊

mgyoe.com